ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (1-2-2006) (၄၈၅၈)

ပမ္မဝတီမြစ်ကူး (မြင်းကဆိပ်)တံတား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရောဝတီတိုင်းအနေဖြင့် မိမိ၏စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်နေအောင် အမြဲအားထုတ်ကြိုးပမ်းနေရန်လိုတိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် နိုင်ငံ့ဝန်ထမ်းများ ခေါင်းဆောင်မှုကောင်းလျှင် ကောင်းသလောက် နယ်မြေဖွံ့ဖြိုးမည်စက်သုံးဆီမလုံလောက်၍ စိုက်ကောပြည့်မီအောင် မစိုက်နိုင်ခြင်းမျိုးမဖြစ်ရအောင် တီထွင်ကြံဆကြိုးပမ်းလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ရောဝတီတိုင်း၌တည်ရှိနေသော မြေသယံဇာတများကို ထိရောက်စွာ အသုံးချနိုင်အောင် ဆက်လက်အားထုတ်ကြိုးပမ်း

သီးထပ်စိုက်ပျိုးရေး၌ စက်သုံးဆီသည် အရေးကြီးသည်မှာ အမှန်ဖြစ်၊ မိမိတို့အနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရန် စက်သုံးဆီကို တတ်နိုင်သမျှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသော်လည်း ကမ္ဘာ့ရေနံဈေးနှုန်းမှာ တက်လျက်ရှိသဖြင့် နိုင်ငံခြားသုံးငွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲနေရသော်လည်း လောက်မှု ပြည့်စုံမှု မရှိခဲ့၊

နောင်တစ်နှစ်ကျော်၊ နှစ်နှစ်ခန့်ဆိုလျှင် မိမိတို့ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော ဇီဝဒီဇယ်ဖြင့် သီးထပ်စိုက်ပျိုးရေးကို အပြည့်အဝ လုပ်ကိုင်နိုင်တော့မှာဖြစ်။

ရန်ကုန်　　ဇန်နဝါရီ　　၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧရာဝတီတိုင်း မြောင်းမြနှင့်ပုသိမ်ဆက်သွယ်သည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁-၂-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

မြို့ပြကျေးလက်စည်ပင်ဖွံ့ဖြိုးရေးကြိုးပမ်း ခြံစည်းရိုးကြက်ဆူပင်များတိုးချဲ့စိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီလ ၂၈ရက်နှင့် ၂၉ရက်နေ့များက ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်မြို့သို့ သွားရောက်၍ ငွေဆောင်ကမ်းခြေ ဟိုတယ်ရှိ တည်းခိုဆောင်များနှင့် ဟိုတယ်သာယာလှပရေးဆောင်ရွက်ထားမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ဖောက်လုပ်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ၌ **နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်၏ ဒေသအသီးသီး ကွက်လပ်မကျန်မျှတစွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က ယခုကဲ့သို့ ဦးစီးဦးဆောင်ပြုပြီး ဆောင်ရွက်မှုများကြောင့် ပြည်နယ်၊ တိုင်း၊ ဒေသအသီးသီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ ရွာကိုရွာနှင့်တူအောင်၊ မြို့ကိုမြို့နှင့်တူအောင်၊ ကျန်းမာရေးနှင့် ညီညွတ်အောင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း** လမ်းညွှန်မှာကြားသွားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ခရီးစဉ်အတွင်း ငွေဆောင်မြို့ ရောက်ချောင်းကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးကိုင်းများ ပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်း အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ဧရာဝတီတိုင်းသည် လယ်ယာသားငါးထွက်ကုန် အများအပြားထုတ်လုပ်လျက်ရှိရာ နိုင်ငံတော်က အားထားရသည့် တိုင်းဖြစ်သည်။ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါးဧက ၃၆ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် စိုက်ပျိုးရာသီအမီ နွေစပါးဧက ၁၆ သိန်းကျော် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် ဒေသအတွင်း ရေမြေရာသီဥတုကောင်းမွန်သဖြင့် အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်ပင်သီးနှံများ၊ အမယ်သစ် သီးနှံများကို လျာထားချက်နှင့်အညီ စိုက်ပျိုးလျက်ရှိသည်။ ထို့အတူ ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည်။

ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီကို မော်တော်ယာဉ်၊ လယ်ထွန်စက်၊ ရေတင်စက်နှင့် လျှပ်စစ်ဓာတ်အားပေးစက် စသည်တို့တွင် သုံးစွဲနိုင်သည့်အပြင် ကြက်ဆူစေ့ကြိတ်ဖတ်များကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကျေးရွာမီးလင်းရေးတို့အတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ခြံစည်းရိုးကြက်ဆူပင်ကို နေရာဒေသမရွေး အလွယ်တကူစိုက်ပျိုးနိုင်သဖြင့် ကျေးရွာများ၊ ဥယျာဉ်ခြံမြေများနှင့် မြေလွတ်မြေရိုင်းများတွင် စိုက်ခင်းကြီးများ ထူထောင်၍ သိပ္ပံနည်းကျ စိုက်ပျိုးသင့်ပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဧရာဝတီတိုင်း ငွေဆောင်မြို့ ခရီးစဉ်အတွင်း ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် သစ်ပင်မှ ဇီဝလောင်စာရရှိသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုအဖြစ် ခံယူ၍ ဖိဖိစီးစီးလုပ်ကိုင်သွားရေး လမ်းညွှန်မှာကြားခဲ့သည်။ ထို့အပြင် ရောက်ချောင်း ကျေးရွာ၌ ကျင်းပသော ခြံစည်းရိုး ကြက်ဆူမျိုးစေ့၊ မျိုးကိုင်းများပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်း အခမ်းအနား၌ ခြံစည်းရိုး ကြက်ဆူပင်ကို စတင်စိုက်ပျိုးပေးခဲ့သည်။

ဧရာဝတီတိုင်း ငွေဆောင်မြို့မှာ နိုင်ငံတော်၏ စီမံဆောင်ရွက်ပေးမှုများဖြင့် ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေ လွယ်ကူလာပြီး စီးပွားရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က မြို့ပြနှင့် ကျေးလက်ဒေသများ စည်ပင်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဘက်ဘက်က အလေးထားဖော်ဆောင်ပေးလျက်ရှိသည်နှင့်အညီ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းနိုင်မှု အလားအလာကောင်းများကို ထိရောက်စွာ အသုံးပြုပြီး အဓိက သီးနှံများနှင့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များ ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် အလှူတော်ငွေ ကျပ်သိန်းတစ်ထောင် ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

သာသနာရေးဝန်ကြီးဌာန ထေရဝါဒဗုဒ္ဓသာသနာတော်တည်တံ့ပြန့်ပွားရေးအတွက် အလှူတော်ငွေ ပေးအပ် လှူဒါန်းပွဲကို ဇန်နဝါရီ ၂၇ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွား ချီးမြှင့်တော်မူကြကာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများ၊ အလှူရှင် ဦးတင်စိန်-ဒေါ်ကျင်သိန်းနှင့် မိသားစုများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၇လမ်း အမှတ် (၄၉)နေ အလှူရှင် ဦးတင်စိန်-ဒေါ်ကျင်သိန်းတို့၏ ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် ဦးတင်စိန်-ဒေါ်ကျင်သိန်း၊ သားဦးလှဌေး၊ ဒေါ်ယဉ်ယဉ်နွယ်၊ သားဦးညီညီကျော်-ဒေါ်လွင်နှင်းနှင်း(နှင်းဝဏ်ကုမ္ပဏီလီမိတက်) မိသားစုတို့က ထေရ ဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးလုပ်ငန်းများ အသုံးပြုရန်အတွက် အလှူငွေ ကျပ်သိန်းတစ်ထောင်ကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

(အပေါ်ပုံ) (သတင်းစဉ်)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဇန်နဝါရီ ၂၅ရက်က မော်လမြိုင် အောက်ကျင်းရပ်၊ တရုတ်တန်းလမ်း (ဦးရွှေဟန်)-ဒေါ်ခင်ညွန့် သားသမီး မြေးတစ်စုတို့က ငွေကျပ် ၅၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၃၀၇)

ရာမညနိကာယ ပရိယတ္တိစာဖြေပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မွန်ပြည်နယ်လုံးဆိုင်ရာ ရာမညနိကာယ ပရိယတ္တိစာဖြေပွဲကျင်းပရေးကော်မတီက နှစ်စဉ်ကျင်းပမြဲ ဖြစ်သော (၂၄)ကြိမ်မြောက် ရာမညနိကာယရေးဖြေ စာမေးပွဲကို မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ရှိ သာသနာ ၂၅၀၀ ဘုရားပရိဝုဏ်အတွင်းရှိ ရာမည ဓမ္မဗိမာန်ခန်းမတွင် ဖေဖော်ဝါရီ ၂၆ရက်မှ မတ် ၂ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

စာဖြေပွဲသို့ စာဖြေသံဃာတော်အပါး ၁၂၀၀ ကျော် ဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး စာဖြေသံဃာတော်များအတွက် လှူဒါန်းလိုသူများသည် နာယက ဆရာတော် ဖုန်း-၀၅၇-၂၄၀၇၉၊ စာဖြေပွဲဖြစ်မြောက်ရေးကော်တီဥက္ကဋ္ဌက ကော်မတီဥက္ကဋ္ဌ မင်းချစ်ငွေ ဖုန်း-၀၅၇-၂၄၁၄၁၊ အတွင်းရေးမှူး ဦးထွန်းအောင် ဖုန်း-၀၅၇၂၅၅၀၁၊ ဘဏ္ဍာရေးမှူး ဦးမောင်ရောင် ဖုန်း-၀၅၇-၂၅၇၄၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန(သာသနဓဇဓမ္မာစရိယ)က ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ ဖေဖော်ဝါရီ ၃ရက် ညနေ ၆နာရီ အရောက်ကြွရောက်ပါရန် နှိုးဆော်ထားသည်။ (က-ပ)

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ် ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ဌာနေ မိသားစုများထံ ပြန်ကြတော့မည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဌာနေပြန်ကြတော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၃၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့်အတူ အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ဌာနေ မိသားစု များထံ ပြန်ကြတော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပသည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စခန်းရှိ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီရုံးသို့ မွန်းလွဲ ၁၂နာရီခွဲတွင်ရောက်ရှိကြပြီး မိမိတို့၏ နေရပ်သို့ ပြန်လည်ထွက်ခွာရန် စုစည်းရောက်ရှိနေကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားတွေ့ဆုံ၍ ကိုယ်စားလှယ်များ၏ သွားလာရေး၊ နေထိုင် စားသောက်ရေးများကို မေးမြန်းကာ စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်း များဖြင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် နှုတ်ခွန်းဆက် စကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမျိုးသားညီလာခံတွင် လာရောက်ရောင်းချသော ဈေးဆိုင်များအား လှည့်လည် ကြည့်ရှုအားပေးပြီး ရောင်းဝယ်မှုအခြေအနေများကို မေးမြန်းကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ မွန်းလွဲ ၁နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ ဌာနေမိသားစုများထံပြန်ကြတော့မည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင် မြို့နယ် သာစုလမ်းနေ ဦးဝင်းတင်-ဒေါ်ဒေါ်ပု မိသားစုက ဗဟန်းမြို့နယ် ဗိုဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကို ကြီး လက်ခံယူစဉ်။ (က-ပ)

ကျောက်ဆည်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ကျောက်ဆည်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်း အဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ရက်တွင် ရွှေတိဂုံဘုရား လမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီခန်းမ၌ ကျင်းပရာ ကျောက်ဆည်အသင်း (ရန်ကုန်) ဂုဏ်ထူးဆောင်နာယက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ဇနီးဒေါ်မေကြည်စိန်၊ နာယက ဒေါ်ကြည်ခင်၊ အသင်းအလုပ် အမှုဆောင်များနှင့် အသင်းသား၊ အသင်းသူများတက်ရောက်ကြသည်။

ပညာရည်ချွန်ဆုပေးပွဲတွင် အသင်း ဝင်များ၏ သားသမီးများမှ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူး ဖြင့်အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူ ၁၂ဦးအား ဆုများချီးမြှင့်ခဲ့ သည်။

(သတင်းစဉ်)

အမှတ်(၃)အခြေခံပညာဦးစီးဌာန ကျောင်းပေါင်းစုံ ဘတ်စကက်ဘော ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက်က ကျိုက္ကဆံကွင်း ဘတ်စကက်ဘော အားကစားရုံ၌ ကျင်းပရာ အသက်(၁၆)နှစ် အောက် အတန်း၌ တံခွန်စိုက်ဆု ရရှိသော အထက(၂)လသာ အသင်းအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြစ်ကြီးနား အလက(၁) အာစရိယ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

မြစ်ကြီးနားမြို့ အလက(၁)(ယခင်မြို့မကျောင်း)၏ အာစရိယပူဇော်ပွဲကို မတ်လ နောက်ဆုံးပတ်တွင် ယင်းကျောင်း၌ကျင်းပမည်ဖြစ်ရာ ရပ်ဝေး၊ရပ်နီးမှ တပည့်ဟောင်းများ အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုပါက ဦးညိုဝင်း (ရန်ကုန်)ဖုန်း-၆၅၂၁၇၁၊ ၀၉၈၀-၂၃၅၀၅၊ဦးအုန်းရွှေ(ရန်ကုန်) ဖုန်း-၆၈၀၇၁၉၊ ၆၈၀၇၆၃၊ ဦးမောင်ကို (မြစ်ကြီးနား) ဖုန်း-၀၇၄-၂၂၆၂၉၊ ၀၇၄-၂၃၇၄၁၊ ဦးခင်မောင်လှ(မြစ်ကြီးနား) ဖုန်း-၀၇၄-၂၂၄၀၇၊ ၀၇၄-၂၃၃၀၄၊ ဦးလှအောင်၊ ဦးအောင်သာ(ဟိုပင်) ဖုန်း-၀၇၄-၆၂၅၄၁နှင့် ဒေါ်စုစုကြည် (မန္တလေး) ဖုန်း-၀၂-၃၀၁၀၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားသည်။ (က-ပ)

ဇီဝဆေးပညာဆိုင်ရာ စက်မှုလုပ်ငန်းထုတ်လုပ်မှု မြှင့်တင်ရေး စင်ကာပူအစိုးရက ရည်မှန်းချက်များ ချမှတ်ထား

စင်ကာပူ ဇန်နဝါရီ ၃၀

၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ စင်ကာပူနိုင်ငံ၏ ဇီဝဆေးပညာဆိုင်ရာ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှု တန်ဖိုးကို စင်ကာပူဒေါ်လာ ၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံခန့်)အထိ နှစ်စဉ်မြှင့်တင်နိုင်ရန် အစိုးရအဖွဲ့က ရည်မှန်းချက်များ ချမှတ်ထားကြောင်း၊ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် ဆောင်ရွက်နိုင်သည့် အလားအလာများ ကောင်းမွန်နေကြောင်း ချန်နယ်နယူးစ်အေးရှားရုပ်မြင်သံကြားဌာနက သောကြာနေ့တွင် သတင်းထုတ်လွှင့်သည်။

စင်ကာပူနိုင်ငံ၏ ဇီဝဆေးပညာဆိုင်ရာ စက်မှုလုပ်ငန်းသည် လွန်ခဲ့သည့်ငါးနှစ်တာကာလတွင် နှစ်စဉ် ပျမ်းမျှ ၂၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြထားသည်။

အဓိကကျ

စင်ကာပူနိုင်ငံ၏ ဇီဝဆေးပညာဆိုင်ရာ ထုတ်လုပ်မှု တန်ဖိုးသည် ၂၀၀၅ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းခန့် တိုးတက်လာရာ စင်ကာပူဒေါ်လာ ၁၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံခန့်) ရှိကြောင်း၊ ဇီဝဆေးပညာဆိုင်ရာ ထုတ်လုပ်မှုနယ်ပယ်တွင် ဆေးဝါးထုတ်လုပ်မှုကဏ္ဍသည် အဓိကကျကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

တိုးချဲ့

ဇီဝဆေးပညာနှင့် သက်ဆိုင်သော ထုတ်လုပ်မှု စီမံကိန်းများသည် ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ)တွင် ပိုမိုပါဝင်လာကြောင်း၊ လွန်ခဲ့သည့်နှစ်က ယင်းစီမံကိန်းများ၏ ထုတ်လုပ်မှုပမာဏသည် စင်ကာပူ ဒေါ်လာ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့်)ရှိကြောင်း၊ ဇီဝနည်းပညာဆိုင်ရာ လုပ်ငန်းများက အလုပ်အကိုင် နေရာပေါင်း ၁၂၀၀ ကို ဖော်ထုတ်ပေးနိုင်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

တိုးမြှင့်လုပ်ဆောင်

ဇီဝဆေးပညာနှင့် သက်ဆိုင်သော ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန် သုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ ဆေးဝါးသစ်များနှင့် ဆေးဘက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများအား တိုးမြှင့်ထုတ်လုပ်နိုင်ရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်လျက်ရှိကြောင်း စင်ကာပူစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဘုတ်အဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အပျက်အစီးများကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဆော်ဒီဘုရင်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

နယူးဒေလီ ဇန်နဝါရီ ၃၀

အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသော ဆော်ဒီဘုရင် အဗ္ဗဒူလာသည် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် တွေ့ဆုံ ဆွေးနွေးပြီးနောက် ဒေလီကြေညာချက်ကို ထုတ်ပြန်လိုက်ကြောင်း အစိုးရ၏ သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

သောကြာနေ့တွင် လက်မှတ်ရေးထိုးကာ ထုတ်ပြန်လိုက်သော ပူးတွဲကြေညာချက်၌ အိန္ဒိယနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့ စွမ်းအင်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ရေနံစိမ်းထောက်ပံ့မှု တိုးမြှင့်နိုင်ရန်နှင့် ရေနံဈေးကွက် တည်ငြိမ်မှု ရရှိစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရာတွင် နှစ်ရှည်ကန်ထရိုက် စာချုပ်များ ချုပ်ဆို၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ပါရှိသည်။

အိန္ဒိယနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်သူပိုင်ကဏ္ဍ၌ရော ပုဂ္ဂလိကပိုင်ကဏ္ဍ၌ပါ ဖက်စပ်လုပ်ငန်းများ ထူထောင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အခြားသော နိုင်ငံများနှင့်လည်း စွမ်းအင်ကဏ္ဍ မိတ်ဖက်ပြု ဆောင်ရွက်မှုများ တိုးချဲ့သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ပြောကြားကြသည်။

အရေးပါ

ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေနံဈေးကွက် တည်ငြိမ်မှုရှိရေးသည် အရေးပါ အရာရောက်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက အတည်ပြုပြောကြားသည်။

အသိအမှတ်ပြု

ပင်လယ်ကွေ့ဒေသနှင့် အိန္ဒိယ တိုက်ငယ်တို့တွင် လုံခြုံရေးအခြေအနေ တည်ငြိမ်မှုများရှိခြင်းဖြင့် ဒေသနှစ်ခုအကြား အပြန်အလှန် ဆက်ဆံရေး ကောင်းမွန်နိုင်ပုံကို ၎င်းတို့နှစ်ဦးက အသိအမှတ်ပြု ပြောကြားကြသည်။ အိန္ဒိယနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးချဲ့သွားကြရန်လည်း သဘောတူညီကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တွင် ပြောက်ကျားများ အညံ့ခံလာစေရေး အကျပ်ကိုင်သည့်နည်းလမ်း ကန်တပ်ဖွဲ့ကျင့်သုံးနေ

ဝါရှင်တန် ဇန်နဝါရီ ၃၀

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များက ပြောက်ကျားများအဖြစ် သင်္ကာမကင်းခံရသူများ အညံ့ခံလာရေးအတွက် ဖိအားပေးသည့်အနေဖြင့် ၎င်းတို့၏ ဇနီးများကို ဓားစာခံများ သဖွယ် ဖမ်းဆီးနေသည်ကို အမေရိကန်စစ်ဘက် မှတ်တမ်းမှတ်ရာများအရ သိရှိရကြောင်းဖြင့် ရိုက်တာသတင်းအရ သိရှိရသည်။

ဖိအားပေး

ယင်းဖြစ်ရပ်များသည် ၂၀၀၄ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တစ်ခုသောဖြစ်ရပ်တွင် စစ်ဘက်ဆိုင်ရာထောက်လှမ်းရေး အထူးတပ်ဖွဲ့ဝင် တစ်ဦးက ကလေးငယ်ရှိသည့် မိခင်တစ်ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်း၏ ခင်ပွန်းလက်နက်ချ အညံ့ခံရေးအတွက် ဖိအားပေးခဲ့သည်ဟု ကာကွယ်ရေးဌာန ထောက်လှမ်းရေးအေဂျင်စီမှ ထောက်လှမ်းရေး အရာရှိတစ်ဦးက ပြောကြားသည်။

ယင်းမှတ်တမ်း မှတ်ရာများသည် အမေရိကန်ပြည်သူ့အခွင့်အရေးသမဂ္ဂက တရားရုံးအမိန့်ဖြင့် ထုတ်ပြန်ခဲ့သည့် ထောင်ချီရှိနေသော မှတ်တမ်းများတွင် အပါအဝင်ဖြစ်သည်။

မတော်မတရား

ယင်းကဲ့သို့ ပြုလုပ်သည့် နည်းဗျူဟာသည် လက်ခံနိုင်စရာမရှိဟု ရှေ့နေအမ်ရစ်ဆင်းက ခင်ပွန်းဖမ်းလို၍ ဇနီးဖမ်းသည့်ကိစ္စကို ရည်ညွှန်းပြောကြားပြီး အခြား မတော်မတရားပြုလုပ်သည့် နည်းလမ်းများမှာလည်း လက်ခံနိုင်စရာ မရှိကြောင်း၊ ယင်းကဲ့သို့ မတော်မတရားပြုလုပ်သည့် လုပ်ရပ်များသည် အီရတ်၊ အာဖဂန်နစ္စတန်နှင့် ဂွမ်တာနာမို အကျဉ်းစခန်းများတွင် ပေါ်ပေါက်ခဲ့သည်ကို မိမိတို့ သိရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

တောင်ကိုရီးယားတွင် တိုက်လေယာဉ်ပျက်ကျ လေယာဉ်မှူး အသက်ဘေးမှလွတ်မြောက်

ဆိုးလ် ဇန်နဝါရီ ၃၀

တောင်ကိုရီးယားနိုင်ငံမှ အက်ဖ်–၁၆ စီ အမျိုးအစား ဂျက်တိုက်လေယာဉ် တစ်စင်းသည် ဇန်နဝါရီ ၂၇ ရက်က ပျက်ကျခဲ့ရာတွင် လေယာဉ်မှူးမှာ မောင်းခန်းအတွင်းမှ စက်ခလုတ်ခုံကို နှိပ်၍ ထွက်နိုင်ခဲ့သည့်အတွက် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ထိုဂျက်တိုက်လေယာဉ်သည် ဆိုးလ်မြို့တော်မှ အရှေ့တောင်ဘက် ကီလိုမီတာ ၁၅၀ အကွာတွင် တည်ရှိသော ချောင်ကျူး အခြေစိုက်လေတပ်စခန်းမှ ပျံတက်လာပြီး မကြာမီ နံနက် ၉ နာရီ မိနစ် ၅၀ နာရီခန့်တွင် ပျက်ကျသွားခြင်းဖြစ်ကြောင်း လေတပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မဆိုစလောက်

ဂျက်လေယာဉ်မှူးမှာ ယင်းလေယာဉ်ပျက်မှုကြောင့် မဆိုစလောက်သာ ဒဏ်ရာအနာတရဖြစ်ခဲ့ရသည်။ မြေပြင်ပေါ်တွင် အခြားသော ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာ ဖြစ်ပွားမှုလည်းမရှိဟု ဆိုသည်။

လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းနေဆဲဖြစ်ပြီး ထိုစုံစမ်းမှုအဖြေ မထွက်မီ တောင်ကိုရီးယားလေတပ်ရှိ အက်ဖ်–၁၆ စီ အမျိုးအစား ဂျက်လေယာဉ်အားလုံးကို ပျံသန်းခွင့်မပေးဘဲ ရပ်ဆိုင်းထားလိုက်ကြောင်း သိရသည်။

ပျက်ကျခဲ့

၂၀၀၂ ခုနှစ်အတွင်းကလည်း အက်ဖ်–၁၆ စီ အမျိုးအစား ဂျက်တိုက်လေယာဉ်တစ်စင်းသည် ဆိုးလ်မြို့၏ တောင်ဘက် ၁၀၀ ကီလိုမီတာအကွာရှိ စိုစန်မြို့အနီးတွင် ပျက်ကျခဲ့သေးသည်။

တောင်ကိုရီးယား လေတပ်သည် အမေရိကန်နိုင်ငံ လော့ဒ်ဟိဒ်မာတင်ကုမ္ပဏီက ထုတ်လုပ်သော ဘက်စုံသုံး အက်ဖ်–၁၆ စီ အမျိုးအစား ဂျက်တိုက်လေယာဉ်များကို ၁၉၈၆ ခုနှစ်က စတင်ရယူအသုံးပြုခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံတွင် မြေမြှုပ်မိုင်းပေါက်ကွဲ ခရီးသည် ခြောက်ဦးထက်မနည်း သေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၃၀

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဘလူချီစတန်ပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က ခရီးသည်ယာဉ်တစ်စီး လမ်းဘေးမြေမြှုပ်မိုင်း နင်းမိသဖြင့် ကလေးငယ်သုံးဦးနှင့် အမျိုးသမီးနှစ်ဦးအပါအဝင် လူခြောက်ဦးထက်မနည်း သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ကွက်တာမြို့အရှေ့ဘက် ကီလိုမီတာ ၃၅၀ ခန့်အကွာရှိ ဒီရာဘတ်တီဒေသတွင် ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီ ၃၀ မိနစ်က မိုင်းဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ခရိုင်ညှိနှိုင်းဆောင်ရွက်ရေးရုံးမှ အဗ္ဗဒူဆာမက်လာစီက ဂီအိုရုပ်မြင်သံကြားသို့ ပြောကြားသည်။

ယင်းဖောက်ခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်အုပ်စုကမျှ တာဝန်ရှိကြောင်း ပြောကြားမှု မရှိသေးပေ။ သို့ရာတွင် ယင်းတိုက်ခိုက်မှုကို ပါကစ္စတန်အစိုးရဆန့်ကျင်ရေးအုပ်စုတစ်စုက ပြုလုပ်နိုင်သည်ဟု အဗ္ဗဒူဆာမက်လာစီက ပြောကြားသည်။

ဘတ်တီလူမျိုးစုတို့သည် ပြည်သူလူထု၏ သွားလာလှုပ်ရှားမှုကို ကန့်သတ်သည့်အနေဖြင့် ယင်းဒေသများတွင် မိုင်းထောင်နေကြကြောင်း၊ ခရီးသည်ယာဉ်က ၎င်းတို့ထောင်သည့်ဗုံးကို တက်နင်းမိခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်တွင် လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၃၀

ဘဂ္ဂဒက်တောင်ပိုင်းဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ဘက်ယာဉ်တစ်စီး ဗုံးခွဲတိုက်ခိုက်မှုခံရ သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် အမေရိကန် စစ်ဘက်က ကြာသပတေးနေ့တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ဗုံးဖောက်ခွဲခဲ့သည့်နေရာကို အဆိုပါကြေညာချက်တွင် ဖော်ပြခြင်းမရှိခဲ့ပေ။ သို့ရာတွင် ယင်းကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်း ဖော်ပြထားသည်။ သေဆုံးသူ၏သတင်းကို ၎င်း၏ ဆွေမျိုးသားချင်းများထံ အကြောင်းကြားနေစဉ်ဖြစ်၍ ၎င်း၏အမည်ကို ထုတ်ဖော်ကြေညာခြင်း မရှိသေးပေ။

အမ်အင်အေ၊ ဆင်ဟွာ။



တရုတ်နိုင်ငံ ဟောင်ကောင်တွင် နွေဦးရာသီပွဲတော် နှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် တိုက်ခန်းတွဲနေအိမ်များအား အလှဆင်ယင်ထားသည်ကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကူဝိတ်နိုင်ငံ အကြီးအကဲသစ်အဖြစ် ရှိတ်ဆာဘား ကျမ်းသစ္စာကျိန်ဆို

ကူဝိတ်စီးတီး ဇန်နဝါရီ ၃၀

ကူဝိတ်ဝန်ကြီးအဖွဲ့သည် ရှိတ်ဆာဘားအယ်လ်–အာမက် အယ်လ်ဆာဘားအား ကူဝိတ်ခေါင်းဆောင် အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပြီးနောက် ကူဝိတ်ပါလီမန်က ယင်းရွေးချယ်တင်မြှောက်မှုကို အတည်ပြုပေးခဲ့ကြောင်း၊ အယ်လ်–ဆာဘားသည် ကူဝိတ်နိုင်ငံအကြီးအကဲ စော်ဘွားအဖြစ် တနင်္ဂနွေနေ့က ကျမ်းသစ္စာကျိန်ဆိုကြောင်း ဆင်ဟွာသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် လုံခြုံရေး ဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့မှ ရဟတ်ယာဉ် နှစ်စင်းကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အသက် ၇၇ နှစ်ရှိ ကူဝိတ် ခေါင်းဆောင်သစ် အယ်လ်–ဆာဘား သည် ဝန်ကြီးချုပ်တစ်ဦး ဖြစ်ခဲ့ပြီး ဥပဒေပြု အမတ်များ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

ကျမ်းသစ္စာကျိန်ဆို

မိမိသည် နိုင်ငံ၏ ဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို လေးစား လိုက်နာမည်ဖြစ်ပြီး ပြည်သူလူထု၏ စည်းစိမ်ဥစ္စာနှင့် အကျိုးစီးပွားအတွက် ကာကွယ်ပေးမည်ဖြစ်ကာ ကူဝိတ်နိုင်ငံ၏ နယ်မြေပိုင်နက်နှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်သွားရန် ကျမ်းသစ္စာကျိန်ဆိုကြောင်း ၎င်းကပြောကြားသည်။

အတည်ပြု

ကူဝိတ် အမျိုးသား လွှတ်တော်က ခေါင်းဆောင်သစ် အယ်လ်–ဆာဘား ကို တညီတညွတ်တည်း ထောက်ခံ မဲပေးကာ အတည်ပြုလိုက်ခြင်း ဖြစ်သည်။ ဝန်ကြီးအဖွဲ့ဝင် ၁၄ ဦးနှင့် ပါလီမန် ဥပဒေပြုအမတ် ၅၀ တို့က အယ်လ်–ဆာဘားကို ခေါင်းဆောင် သစ် တစ်ဦးအဖြစ် တညီတညွတ်တည်း လျာထားပြီး မဲပေးရွေးချယ် ခဲ့ခြင်း ဖြစ်သည်။ ရှိတ်ဆတ်အယ် အဗ္ဗဒူလာ အယ်လ်–ဆာဘားကို ကျန်းမာရေး မကောင်းသည့် အကြောင်း ပြချက်ဖြင့် ပါလီမန်က လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ရာထူးမှ ဖယ်ရှားခဲ့ ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်၌ လူတစ်ဦးအား သေနတ်သမားများကပစ်သတ်

ဘဂ္ဂဒက် ဇန်နဝါရီ ၃၀

သေနတ်သမားများက လူသိထင်ရှားသည့် တက္ကသိုလ်ဆရာနှင့် နိုင်ငံရေး ပိုင်းခြားလေ့လာသူတစ်ဦးကို ဘဂ္ဂဒက်မြို့တော်လမ်းမပေါ်ရှိ ၎င်း၏မော်တော်ယာဉ်အတွင်းတွင် စနေနေ့က ပစ်သတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းသည်အယ်လ်–ဂျာဇီယာရုပ်မြင်သံကြားနှင့် အယ်လ်–အာရေဗျရုပ်မြင်သံကြားအစီအစဉ်များတွင် မကြာခဏတွေ့မြင်နေရသူ အဗ္ဗဒူရာဇတ်ဖြစ်ပြီး ဘဂ္ဂဒက်မြို့လယ်ရှိ ဘဂ္ဂဒက်တက္ကသိုလ်မှ မော်တော်ယာဉ်ဖြင့် ပြန်လာစဉ် ပစ်သတ်ခံရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်သမားများက အဗ္ဗဒူရာဇတ်၏ မော်တော်ယာဉ်ကို ၎င်းတို့၏ မော်တော်ယာဉ်ဖြင့် ပိတ်ဆို့ကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ ပွဲချင်းပြီး သေဆုံးသွားကြောင်း သိရသည်။

၎င်းသည် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်တွင် ရောက်ရှိနေမှုကို စဉ်ဆက်မပြတ်ရှုတ်ချပြောကြားခဲ့ပြီး ကာ့ဒ်နှင့် ရှီးယိုက်များ လွှမ်းမိုးသည့် အီရတ်အစိုးရအဖွဲ့ကို ဝေဖန်ပြောကြားခဲ့သူဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နီပေါ၌ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး ပထမဦးဆုံး ထုတ်လုပ်

ခတ္တမန္ဒူ ဇန်နဝါရီ ၃၀

နီပေါနိုင်ငံသည် ခွေးရူးပြန်ရောဂါ ကုသရေးနှင့်စံချိန်စံညွှန်း ထားရှိရေးအတွက် အသုံးပြုသည့် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးကို ပထမဦးဆုံး အောင်မြင်စွာ ထုတ်လုပ်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်သည်။

အဆိုပါကာကွယ်ဆေးကို တိရစ္ဆာန်ကျန်းမာရေးညွှန်ကြားရေးမှူးရုံး ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မှု ဓာတ်ခွဲဌာနနှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးတွဲ ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ အစဉ်အလာအားဖြင့် သိုး၏ဦးနှောက်မှ ထုတ်ယူခဲ့သည့် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးနှင့် နှိုင်းယှဉ်ကြည့်ပါက ယခု ကာကွယ်ဆေးက ပိုမိုစိတ်ချရပြီး ပိုမိုအစွမ်းထက်ကြောင်း သိရှိရသည်။

နီပေါအစိုးရသည် နိုင်ငံအတွင်းရှိ တိရစ္ဆာန်ကျန်းမာရေးကဏ္ဍတွင် သုတေသနလုပ်ငန်းများ တိုးချဲ့ရေး အတွက် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး ကီရှာဗဟာဒူးဘစ်ရှိတာက ပြောကြားသည်။

ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရာတွင် နည်းပညာသစ် ဖွံ့ဖြိုးတိုးတက်မှုမှာ ခွေးရူးပြန်ရောဂါကို ထိန်းချုပ်ရာ၌ အကျိုးရှိစေမည် ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် သမဝါယမ လက်ထောက်ဝန်ကြီး ဂိုဗင်ဒါချောင်ဒရီက ပြောကြားသည်။

ထုတ်လုပ်နိုင်

ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးကို လောလောဆယ်တွင် တိရစ္ဆာန်များ အတွက်သာ အသုံးပြုလျက်ရှိရာ လူတို့ အတွက်လည်း အသုံးပြုရန် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ကာကွယ်ဆေး ထုတ်လုပ်ရေးအဖွဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တိရစ္ဆာန်ဆေးကုဆရာဝန်ကြီး ဂျဂါနတ်ရေးက ပြောကြားသည်။

သက်သာ

ကာကွယ်ဆေးထုတ်လုပ်မှုကြောင့် ယခင်က ပြည်ပနိုင်ငံများသို့ နှစ်စဉ် ထွက်သွားသည့် ရူပီးသန်း ၃၀ (၄၂၈၅၇၁ ဒေါ်လာ) သက်သာသွားမည်ဖြစ်ပြီး လူပေါင်း ၂၀၀ နီးပါး၏အသက်ကို ခွေးရူးပြန်ရောဂါမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန် အေဘီစီရုပ်မြင်သံကြားဌာနမှ သတင်းစာဆရာနှစ်ဦး အီရတ်တွင် ဒဏ်ရာရ

ဝါရှင်တန် ဇန်နဝါရီ ၃၀

အေဘီစီ ရုပ်မြင်သံကြားဌာနမှ တွေ့ဆုံမေးမြန်းခန်း တင်ဆက်သူဘော့ဝုဒ်ရပ်ဖ်နှင့် ဓာတ်ပုံသတင်းထောက် ဒုဗော့တို့သည် အီရတ်နိုင်ငံတွင် တနင်္ဂနွေနေ့က ဖြစ်ပွားသော လမ်းဘေးဗုံး ပေါက်ကွဲမှုတွင် အပြင်းအထန်ဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန် အေဘီစီ ရုပ်မြင်သံကြားဌာနက ကြေညာသည်။

၎င်းတို့သည် အီရတ်ကြည်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်အတူဘဂ္ဂဒက်မြို့အနီး ရှိတာဂျီမြို့အနီးတွင် မော်တော်ယာဉ်ဖြင့် ခရီးသွားလာစဉ် ဗုံးပေါက်ကွဲမှုဖြင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်ဟု ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။ ဗုံးပေါက်ကွဲပြီးနောက် အဆိုပါမော်တော်ယာဉ်သည် လက်နက်ငယ်များဖြင့် ပစ်ခတ်ခံခဲ့ရသည်ဟု အေဘီစီသတင်းအရ သိရှိရသည်။

ဆေးဝါးကုသ

၎င်းတို့နှစ်ဦးသည်စိုးရိမ်ရသည့်အခြေအနေရှိနေပြီး အီရတ်ရှိ အမေရိကန် စစ်ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေသည်ဟု အေဘီစီသတင်းကြေညာချက်တွင် ဖော်ပြထားသည်။ ၎င်းတို့သည် ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့ကြသည်။

၎င်းတို့နှစ်ဦးသည် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပြောက်ကျားများက အမေရိကန်မော်တော်ယာဉ်များကို တိုက်ခိုက်ရန် လက်လုပ်ဗုံးများကို လမ်းဘေးတွင် ထောင်ထားခဲ့ကြခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

စွမ်းအင်ထောက်ပံ့ရေးအရင်းအမြစ်သစ်များ ဘူလ်ဂေးရီးယားအစိုးရ ရှာဖွေသွားမည်

ဆိုဖီယာ ဇန်နဝါရီ ၃၀

ဘူလ်ဂေးရီးယားနိုင်ငံသည် ရေနံနှင့် ဓာတ်ငွေ့ ဝယ်ယူရရှိနိုင်မှု သေချာခိုင်မြဲစေရန် ရုရှားနိုင်ငံကို အစားထိုးနိုင်မည့် အခြားသော စွမ်းအင်ထောက်ပံ့ရေး အရင်းအမြစ်များကို ရှာဖွေလျက်ရှိကြောင်း၊ ၁၉၉၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော ကန်ထရိုက်သဘောတူညီချက်တစ်ရပ်ကို ပြန်လည်သုံးသပ်ရန် ရုရှားနိုင်ငံရှိဓာတ်ငွေ့ ထုတ်လုပ်ရေး ထိပ်တန်းကုမ္ပဏီကြီးဖြစ်သော ဂက်ဇ်ပရွမ်ကုမ္ပဏီက ဘူလ်ဂေးရီးယားနိုင်ငံကို ဖိအားပေးလာချိန်တွင် ရုရှားကုမ္ပဏီ မဟုတ်သည့် အခြားနိုင်ငံများမှ စွမ်းအင်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယားစွမ်းအင်ဝန်ကြီး ရူမန်အိုချာရော့ဗ်က သောကြာနေ့တွင် ပြောကြားသည်။

ဓာတ်ငွေ့တင်ပို့ခြင်းဆိုင်ရာ သဘောတူညီချက်တွင် ပြင်ဆင်ချက်များ ထည့်သွင်းရမည်ဟု ဂက်ဇ်ပရွမ်ကုမ္ပဏီက တောင်းဆိုလျက်ရှိကြောင်း ဘူလ်ဂေးရီးယားနိုင်ငံ၏ စွမ်းအင်မူဝါဒများနှင့် ပတ်သက်၍ ပါလီမန်တွင် ထွက်ဆိုမှုများ ပြုလုပ်ပြီးနောက် အိုချာရော့ဗ်က သတင်းထောက်များအား ပြောကြားသည်။

သုံးသပ်

ဘူလ်ဂေးရီးယားနိုင်ငံသည်ဂက်ဇ်ပရွမ်ကုမ္ပဏီထံမှ စာတစ်စောင်ကို လက်ခံရရှိခဲ့ကြောင်း၊ လက်ရှိ ကန်ထရိုက်သဘောတူညီချက်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပုံကို ယင်းစာ၌ ဖော်ပြထားကြောင်း၊ ဂက်ဇ်ပရွမ် ကုမ္ပဏီသည် ဓာတ်ငွေ့ဈေးနှုန်းကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ တောင်းဆိုမှု ပြုလုပ်ခြင်းဖြစ်ကြောင်း အိုချာရော့ဗ်က ပြောကြားသည်။

ဘူလ်ဂေးရီးယားနိုင်ငံသည် မိမိ၏ နိုင်ငံအတွက်လည်းကောင်း၊ ဥရောပ အရှေ့တောင်ပိုင်းဒေသရှိ နိုင်ငံများ အတွက်လည်းကောင်း ဓာတ်ငွေ့ရရှိရေး ဆောင်ရွက်ရာတွင် ရုရှားဓာတ်ငွေ့ ကုမ္ပဏီများ၏နေရာတွင် အစားထိုးနိုင်မည့်အခြားသော ဓာတ်ငွေ့ထောက်ပံ့ရေးကုမ္ပဏီများနှင့် လက်တွဲလုပ်ကိုင်နိုင်ရန် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဓားစာခံနှစ်ဦးပြန်လွှတ်ပေးရန် ဂျာမန်အစိုးရမေတ္တာရပ်ခံ

ဘာလင် ဇန်နဝါရီ ၃၀

အီရတ်နိုင်ငံတွင် အဖမ်းခံခဲ့ရသည့် ဂျာမန်အင်ဂျင်နီယာနှစ်ဦးကို ပြန်လွှတ်ပေးရန် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဖရင့်ဝေါလ်တာစတိန်းမီယားက ပြန်ပေးသမားများကို မေတ္တာရပ်ခံလိုက်ပြီး ဂျာမနီအစိုးရက ၎င်းတို့၏ အသက်အန္တရာယ် ရှိစေမည့်ကိစ္စများကို စိတ်လိုက်မာန်ပါ ပြုလုပ်မည်မဟုတ်ကြောင်း ဖြင့်လည်း ကတိကဝတ်ပြုသည်။

ဂျာမန်အစိုးရအနေဖြင့် ယင်းဓားစာခံနှစ်ဦးပြန်လည်လွတ်မြောက်ရေးအတွက် ဆောင်ရွက်နိုင်သည့်နည်းလမ်းမှန်သမျှကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းကိစ္စကို မိမိတို့က ချင့်ချင့်ချိန်ချိန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ယင်းကိစ္စနှင့်ပတ်သက်၍မိမိကအစိုးရ၏ကိုယ်စားကတိကဝတ်ပြုပါကြောင်း၊ မိမိတို့နိုင်ငံသားနှစ်ဦး အမြန်ဆုံး လွှတ်ပေးရေးအတွက် ထပ်မံမေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် စတိန်းမီယားက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် မော်တော်ယာဉ်များကို စစ်ဆေးနေသည့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မဟာရဏ္ဍာဘိသာမဂ္ဂီ ရွှေစေတီစံ ရွှေနိုင်ငံ

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

မဟာရဏ္ဍာဘိသာမဂ္ဂီစေတီ။

မဟာရဏ္ဍ+အဘိသာမဂ္ဂီ+စေတီ။

ကြီးမြတ်သောနိုင်ငံ၏+ ထူးကဲသောစည်းလုံးညီညွတ်မှုဖြင့်+ အပူဇော်ခံတော်မူသည့် မွေတော်၊ ဓာတ်တော် ဒြပ်ပုံ။

(ခ)

ပါဠိဘာသာအားဖြင့် 'ရဋ္ဌ'သည် 'နိုင်ငံ'ဖြစ်၏ ယင်းနိုင်ငံသည် ဂုဏ်အရည်အသွေး တောက်ပလျှင်၊ မျိုးနွယ်စုအားဖြင့် များပြားလျှင်၊ ပထဝီနယ်နိမိတ်အားဖြင့် ကြီးမားကျယ်ပြန့်လျှင် 'မဟာရဋ္ဌ–ကြီးမြတ်သော နိုင်ငံတော်'ဖြစ်၏။

မြန်မာနိုင်ငံသည် ရတနာသုံးပါးဂုဏ်ရည်နှင့်တကွ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ အမျိုးသားရေးဗီဇများ မြင့်မားတောက်ပလျက်ရှိသလို မျိုးနွယ်စုအားဖြင့် လူမျိုးတစ်ရာကျော်တည်ရှိနေကာ ပထဝီနယ်နိမိတ်အားဖြင့် ကြီးမားကျယ်ပြန့်လျက်ရှိသောကြောင့် မြန်မာသည် မဟာဖြစ်လေ၏။

ဤတွင် ပထဝီနယ်နိမိတ်အားဖြင့် ကြီးမားကျယ်ပြန့်ပုံကို အာဆီယံ ၁၀ နိုင်ငံချင်း နှိုင်းယှဉ်ကြည့်ကြပါစို့။

၁။ မြန်မာနိုင်ငံ	ပထဝီအကျယ်အဝန်း	၂၆၂၀၀၀	စတုရန်းမိုင်
၂။ ထိုင်းနိုင်ငံ	။	၁၉၈၅၀၀	။
၃။ မလေးရှားနိုင်ငံ	။	၁၂၇၃၀၀	။
၄။ ဗီယက်နမ်နိုင်ငံ	။	၁၂၇၂၀၀	။
၅။ ဖိလစ်ပိုင်နိုင်ငံ	။	၁၁၆၀၀၀	။
၆။ လာအိုနိုင်ငံ	။	၉၁၄၀၀	။
၇။ ကမ္ဘောဒီးယားနိုင်ငံ	။	၆၉၉၀၀	။
၈။ ဘရူနိုင်းနိုင်ငံ	။	၂၂၀၀	။
၉။ စင်ကာပူနိုင်ငံ	။	၂၅၀	။
၁၀။ အင်ဒိုနီးရှားနိုင်ငံ	။	၇၄၁၁၀၀	။

ထို့ကြောင့် အာဆီယံ ၁၀နိုင်ငံ၌ ပထဝီအကျယ်အဝန်းအားဖြင့် အင်ဒိုနီးရှားတစ်နိုင်ငံတည်းသာ မြန်မာနိုင်ငံထက် ကျယ်ဝန်းသည်။ ထို့အပြင် တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်း ၁၉၁နိုင်ငံအနက် မြန်မာနိုင်ငံထက်ကျယ်ဝန်းသော နိုင်ငံပေါင်းမှာ ၄၁နိုင်ငံသာ ရှိလေ၏။

ယင်းကဲ့သို့ ပထဝီအကျယ်အဝန်းရှိသည့် မြန်မာနိုင်ငံသည် သုဝဏ္ဏရ ပထဝီ (မြေကောင်း)ဖြစ်လျက်ရှိခြင်း၊ ယင်းနှင့်တွဲယှဉ်သော ရေသည်လည်း သုဝဏ္ဏရ ဇလာ(ရေကောင်း)ဖြစ်လျက် ရှိခြင်း၊ ယင်းမြေကောင်း၊ ရေကောင်းတို့နှင့်အတူ လူမျိုးတစ်ရာကျော် စုစည်းညီညွတ်စွာ ဖြစ်တည်လျက်ရှိခြင်း၊ ဗြဟ္မစိုရ်တရား မင်္ဂလာတရား ထင်ရှားသော ယဉ်ကျေးမှုဂုဏ်ရည် လှဲ့လှဲ့ကြည် လက်လက်လင်းလျက် ရှိခြင်းတို့ကြောင့် ဤမြန်မာနိုင်ငံသည် မဟာရဋ္ဌ (ကြီးမြတ်သော နိုင်ငံတော်)အဖြစ် ထွန်းသစ်လျက်ရှိပါသည်။ ဤနိုင်ငံကို Golden Land အဖြစ် ရွှေနိုင်ငံဟုလည်း ကမ္ဘာက သိနေကြပါသည်။

ဤကြီးမြတ်သော ရွှေနိုင်ငံ၌ အတိတ်ကာလတစ်ကွေ့တုန်းက ကိုလိုနီနယ်ချဲ့၏ ကျွန်ပြုခံခဲ့ရသည်တွင် သူ့ကျွန်အဖြစ် နွံနစ်ခြင်းမှ ရုန်းထလွတ်မြောက်အောင် စွမ်းဆောင်ခဲ့ကြရာဝယ် တစ်နိုင်ငံလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တစ်သွေးတည်း တစ်သားတည်း အားခဲမာန်တင်း ထန်ပြင်းသော စည်းလုံးညီညွတ်မှု (အဘိသာမဂ္ဂီ)ကို တစ်ခဲနက်ရရှိခဲ့သည့် သမိုင်းကြောင်းရှိခဲ့ဖူး၏။ အခြားမဟုတ်ပါ၊ လွတ်လပ်ရေးသန္ဓေဟု ဆိုအပ်သော ပင်လုံစာချုပ်ကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံဒေသ၌ တိုင်းရင်းသားခေါင်းဆောင်များအားလုံး စည်းလုံးညီညွတ်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ တိုင်းရင်းသားညီအစ်ကိုများအားလုံးတို့၏ တစ်ခဲနက်သော စည်းလုံးညီညွတ်မှု(အဘိသာမဂ္ဂီ)ကို ဓမ္မအမြင်ဖြင့် ရှုကြည့်လျှင် ယင်းသည် ကုသိုလ်ကောင်းမှုစစ်စစ်ဖြစ်၍ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ထာဝရ လိုလားတော်မူသော အမွန်အမြတ်တရားအဖြစ် တွေ့မြင်ရ၏။ အဘယ့်ကြောင့်ဆိုသော် ယင်းစည်းလုံးညီညွတ်မှု၌ ကိုယ်နှင့်ထပ်တူပြုမှု(မေတ္တာ)၊ ငဲ့ညှာစာနာမှု(ကရုဏာ)၊ ဝမ်းသာအားပေးမှု(မုဒိတာ)၊ အစွန်းနှစ်ဖက်သို့ မနင်းမကျွံမှု(ဥပေက္ခာ)ဟူသော ဗြဟ္မစိုရ်တရားအပြင် ကာလသုံးရပ်အပေါ် မပြတ်သုံးသပ်နိုင်စွမ်းရှိပြီး ရှေ့အနာဂတ်ကို တင်ကြိုမြော်မြင်နိုင်စွမ်း ရှိသည့် ပညာတရားပါ ထင်ရှားစွာ အနှစ်အသားအဖြစ် ပါဝင်နေသောကြောင့်ဖြစ်၏။

ပင်လုံစာချုပ်ပေါ်ထွန်းလျက် ပြည်ထောင်စုစိတ်ဓာတ်ထွန်းပရာ ပင်လုံဒေသကို ဂုဏ်ပြုသောအားဖြင့် ယနေ့တပ်မတော်အစိုးရသည် ယခင်ခေတ်အဆက်ဆက် မည်သည့်အစိုးရကမျှ ဆောင်ရွက်နိုင်စွမ်း မရှိခဲ့သည့် ဒေသတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်စုံထောင့်စုံကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်အောင် ရွက်ဆောင်ပေးနေသဖြင့် ယနေ့ပင်လုံသည် မနေ့ပင်လုံထက် အဘက်ဘက်မှာ လင်းလက်ဝင့်ဝဲနေလေပြီ။

ထို့ကြောင့် စည်းလုံးညီညွတ်မှုနှင့် အမြော်အမြင်ကိုအခြေပြုသည့် အဘိသာမဂ္ဂီအား နိုင်ငံသားအားလုံးတို့က မြတ်မြတ်နိုးနိုး တန်ဖိုးထားရင်း ဥမကွဲသိုက်မပျက် အတူတွဲလက်ယှက် ဘေးကွဲခွဲမထွက် တက်ညီလက်ညီ ဦးတည်ချက်မိမိ အမြော်အမြင်ရှိရှိ လျှောက်လှမ်းကြရေးမှာ ပင်လုံက ပေးသော အမျိုးသားရေးတာဝန်ဖြစ်တော့၏။

(ဂ)

ပင်လုံစာချုပ်ပေါ်ထွန်းလျက် ပြည်ထောင်စုစိတ်ဓာတ် ထွန်းပရာ ပင်လုံဒေသကို ဂုဏ်ပြုသောအားဖြင့် ယနေ့တပ်မတော်အစိုးရသည် ယခင်ခေတ်အဆက်ဆက် မည်သည့်အစိုးရကမျှ ဆောင်ရွက်နိုင်စွမ်း မရှိခဲ့သည့် ဒေသတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်စုံထောင့်စုံ ကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်အောင် ရွက်ဆောင်ပေးနေသဖြင့် ယနေ့ ပင်လုံသည် မနေ့ပင်လုံထက် အဘက်ဘက်မှာ လင်းလက်ဝင့်ဝဲ နေလေပြီ။

ပင်လုံတက္ကသိုလ်၊ အစိုးရကွန်ပျူတာကောလိပ်၊ နည်းပညာ ကောလိပ်၊ ခုတင်(၂၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီး၊ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းစခန်း၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ လင်းခေး မြစ်ရေတင်စီမံကိန်း၊ ဝမ်ပုံဆည် စသည်... စသည်များ...။

ယင်းတို့အပြင် အထူးအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် မည်သည့်ဒေသမှာမှ မတည်ရှိဖူးသေးသည့် ထူးခြားဆန်းကြယ် အံ့သြဖွယ်တို့နှင့် ပြည့်စုံသော စေတီတော်ကြီးတစ်ဆူကို တပ်မတော်အစိုးရက ဦးဆောင်လျက် စေတနာရှင် တိုင်းရင်းသားများ၏ ပူးပေါင်းဒါနတို့ဖြင့် ပင်လုံဒေသ၌ တည်ထားနေပါသည်။ စေတီတော်ကြီး၏ ဘွဲ့နာမတော်မှာ မဟာရဏ္ဍာဘိသာမဂ္ဂီ ရွှေစေတီဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက– **"တိုင်းရင်းသားလူမျိုးအပေါင်းတို့ စုစုစည်းစည်း တလုံးတစည်းတည်း ဖြစ်ပေါ်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၊ လွတ်လပ်ရေးရရှိကာ ပြည်ထောင်စုကြီး ဖြစ်ထွန်းလာသည်အထိ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားကို အစဉ်တစိုက် မြှင့်တင်ဆောင်ရွက်ခဲ့ကြသည့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများအတွက် ကုသိုလ်ကောင်းမှု ဆည်းပူးပြုလုပ်ပေးရေး ပင်လုံဒေသ၌ စေတီတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ပူဇော်ရန်"** လမ်းညွှန်ချက်နှင့်အညီ ၂၈–၁၁–၂၀၀၂ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း(ယခုနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း) ဦးဆောင်သော အဖွဲ့ ပင်လုံသို့ရောက်ရှိလာကြပြီး ဒေသခံ ဆရာတော်ကြီးများအား ဖူးမြော်ရင်း "ဆရာတော်ကြီးများအနေဖြင့် စေတိယဝတ္ထု (စေတီတည်မည့်မြေနေရာ) သတ်မှတ်ပေးတော်မူကြပါရန်" လျှောက်ထားရာ ဆရာတော်ကြီးများက ပြည်ထောင်စုအောင်မြေဖြစ်သည့် ပင်လုံပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း သတ်မှတ်ပေးတော်မူကြသည့်အတိုင်း ၂၉–၁၁–၂၀၀၂ရက်နေ့နံနက်ပိုင်းမှာ ရေးထုံးစဉ်လာနှင့်အညီ ယင်းစေတိယဝတ္ထု၌ ဆရာတော်၊ သံဃာတော်များက မြေသန့်ကမ္မဝါစာ၊ အန္တရာယ်ကင်းကမ္မဝါစာများ ရွတ်ဖတ်ခြင်း၊ ပရိတ်မေတ္တာပွားများခြင်းတို့ဖြင့် မြေသန့်မင်္ဂလာပြုတော်မူကြကာ မင်္ဂလာအချိန်ဝယ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း) ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်ကြီးများက ရတနာပန္နက်တော်ကို တင်ပေးခဲ့ခြင်းဖြင့် မဟာရဏ္ဍာဘိသာမဂ္ဂီ ရွှေစေတီနိဒါန်း လက်ပန်းပေါက်ခတ် သောမနဿဇောပွင့် အဦးဖွင့်ပေးခဲ့လေ၏။

၁၂–၄–၂၀၀၃ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် မဟာရဏ္ဍာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့လေ၏။

(ဃ)

မဟာရဏ္ဍာဘိသာမဂ္ဂီစေတီတော်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် တည်ဆောက်ရေးစီမံကိန်းကို အေရှားဝေါ(လ်) ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိ၏။ ခေတ်အမီဆုံး အဆင့်မြင့်နည်းပညာဖြင့် တည်ထားခြင်းဖြစ်သောကြောင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာ အကူအညီကိုလည်း ရယူလျက်ရှိ၏။ ဉာဏ်တော်အမြင့် ၁၃၅ပေရှိ ရွှေတိဂုံပုံတူစေတီဖြစ်ပြီး အတွင်း၌ လိုဏ်ခံထားကာ ယင်းလိုဏ်ကို ခေတ်မီနည်းပညာအရ တိုင်တစ်လုံးမျှမခံဘဲ အချင်းပေ ၁၂၀၊ အမြင့်ပေ၆၀အထိ ခုံးသဏ္ဌာန် အုပ်ဆောင်းပုံ တည်ဆောက်ခြင်းဖြစ်၍ တည်ဆောက်ရေးအပိုင်း၊ ဗိသုကာပုံစံထုတ်လုပ်မှု အပိုင်း၊ တည်ဆောက်မှုအရည်အသွေး စစ်ဆေးရေးအပိုင်း၊ ခံနိုင်ဝန်အား စိစစ်တိုင်းတာမှုအပိုင်း၊ မြန်မာမှုလက်ရာ တပ်ဆင်ရေးအပိုင်းစသော လုပ်ငန်းအဆင့်ဆင့်တို့ကို ပညာရှင်အချင်းချင်း ညှိနှိုင်းကာ တည်ဆောက်လျက်ရှိ၏။

- **မြန်မာနိုင်ငံ၌ ပထမဆုံးအဆင့်မြင့် နည်းပညာအရ အမာခံတည်ဆောက်မှုပုံစံဖြင့် တည်ထားခြင်း၊**
- **အတွင်းလိုဏ်၌ မဏ္ဍိုင်(တိုင်)များမပါရှိဘဲ ဟင်းလင်းပြင် တည်ဆောက်ခြင်း၊**
- **လိုဏ်ဗဟိုချက်၌ အချင်း၂၁ပေရှိ သံကူကွန်ကရစ် အချုပ်ပါရှိခြင်း၊**
- **ပေ ၁၂၀အဝန်း၏ အောက်ခြေပြန့်ကားခြင်းနှင့် ကျုံ့ဝင်ခြင်းမရှိအောင် အထူးတွက်ချက်ထားသည့် ဖြက်၂၄လက်မ၊ ဒုလက်မ ၄၀၊ သံချောင်းပေါင်း ၃၆ချောင်းချည်နှောင်ထည့်သွင်းထားသော သံကူကွန်ကရစ် ရက်မကြီးများဖြင့် မြေထဲ၌ လက်ယှက်ထိုးချုပ်လျက် တည်ထားခြင်း၊**
- **လိုဏ်အထက်ရှိ စေတီတော်၏ ဖိအားမရှိစေရန် ပုံဖော်အုတ်ဖြင့် အခိုင်အခံ့ တည်ထားခြင်း။**

ယင်းသို့သော ဝိသေသလက္ခဏာတို့ကြောင့် မဟာရဏ္ဍာဘိသာမဂ္ဂီ စေတီတော်သည် မိုးဒဏ်၊ လေဒဏ်၊ ငလျင်ဒဏ်ကို ခံနိုင်ရည်ရှိသော ရွှေတောင်ကြီးအသွင် မြေပြင်မှ ဝေဟင်လွင့် မားမားမြင့်စံပယ်တော်မူမည်ဖြစ်၏။

(င)

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၂ရက်နေ့ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များ လှိုင်လင်ခရိုင် ပင်လုံမြို့သို့ ရောက်ရှိလာပြီး မဟာရဏ္ဍာဘိသာမဂ္ဂီ စေတီတော်လိုဏ်အတွင်း၌ စေတီတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့ မိသားစု၏ အလှူငွေကျပ် ၂၁သိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ထွန်းနှင့်ဇနီး ဒေါ်ခင်မြင့်ဝေမိသားစု၏ အလှူငွေကျပ် ၂၁သိန်းတို့ကို နိုင်ငံတော်ဝန်ကြီးချုပ်က ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းထံ ပေးအပ်လှူဒါန်း၏။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စစ်ဌာနချုပ်၏ လှူဒါန်းငွေကျပ်သိန်း ၅၀၀နှင့် တိုင်း၊ တပ်မများ၏ လှူဒါန်းငွေကျပ် ၂၃၆သိန်း တစ်သောင်းကို ပေးအပ်လှူဒါန်း၏။

ယင်းအပြင် တောင်ကြီးမြို့မှ စေတနာရှင်များ၏ အလှူငွေကျပ် သိန်း ၁၁၀၀၊ ဦးထွန်းမြင့်နိုင် (အေရှားဝေါလ်ကုမ္ပဏီ)က အလှူငွေကျပ် သိန်း ၃၃၀၊ ဦးအောင်ကိုဝင်း(ကမ္ဘောဇဘဏ်လီမိတက်)က အလှူငွေကျပ် သိန်း၃၀၀စသည်ဖြင့် အလှူ့ရှင်ဒါနရှင်များက တာဝန်ရှိသူများထံ အလှူငွေများပေးအပ် လှူဒါန်းကြရာ ယင်းနေ့ အလှူငွေစုစုပေါင်းမှာ ၃၉၁၀၇၈၉၉၂ ကျပ်ဖြစ်လေ၏။ သာဓုခေါ်သံ မိုးနဘံ ညံ့ညံ့မြည်ဟည်း လှိုက်တုန်၏။

(စ)

ယခုအခါဝယ် မဟာရဏ္ဍာဘိသာမဂ္ဂီစေတီတော် တည်ထားကိုးကွယ်ရေး စီမံကိန်းတစ်ခုလုံး အောင်မြင်ပြီးစီးတော့မည်ဖြစ်၏။ ဟင်းလင်းပြင်လိုဏ်အတွင်း၌ ပလ္လင်ရှစ်ခန်းနှင့် အလယ်ဓာတ်တော်တိုက် တည်ဆောက်မှု ဥသျှံပြီးစီးလျက်ရှိပြီး ယင်းပလ္လင်များပေါ်ဝယ် စံပယ်တော်မူမည့် ရုပ်ပွားတော်ရှစ်ဆူ ကြွရောက် စံပယ်တော်မူပြီးလည်းဖြစ်၏။ ဘုရားဖူးကုသိုလ်ရှင်များနှင့် စည်ကားလျက်ပင် ရှိနေပါပြီ။

ယခုကဲ့သို့ မဟာရဏ္ဍာဘိသာမဂ္ဂီစေတီတော် တည်ထားကိုးကွယ်ခြင်းဖြင့်–

* ဗုဒ္ဓမြတ်စွာ သာသနာအတွက် ကမ္ဘာတည်သရွေ့ မရွေ့မယိုင် မတ်မတ်ခိုင်သည့် ကျောက်စိုင်ကျောက်သားအလား ပုံဆောင်မြင်းမိုရ်တောင်ပမာ၊
* ပြည်ထောင်စုကြီး ပေါ်ထွန်းလာသည်အထိ အတိတ်၏ ခရီးတစ်လျှောက် မကြောက်မရွံ့ စွန့်စွန့်စားစား စွမ်းအားထက်ထက် မြက်မြက် ဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စု မျိုးချစ်ပုဂ္ဂိုလ်ကြီးတို့အတွက် ပျော်မွေ့ခိုနားရာ ကုသိုလ်ရိပ်ကွန်းပမာ၊
* လွတ်လပ်ရေးခရီး စုစည်းညီညွတ် တုလွတ်အံ့အဲ ထူးကဲသော အဘိသာမဂ္ဂီတရား၏ စွမ်းပကားကို နောင်လာနောက်သားမြေးမြစ်များ စိတ်ဘဝင်မှာ စွဲထင်မြဲမြံနေစေမည့် ကြေးမုံမှန်ပမာ အဖြာဖြာသောကောင်းကျိုး၊ အမျိုးမျိုးသောရလဒ် မပြတ်တိုးပွားများပြားဥသျှံ အမြဲထုံလာတော့မည် ဧကန်ဖြစ်၏။

(ဆ)

မဟာရဏ္ဍာဘိသာမဂ္ဂီ ရွှေစေတီစံ ရွှေနိုင်ငံဝယ် မြဲမြံသော အဘိသာမဂ္ဂီတရား လွန်ပြန့်ပွားလျက် တိုင်းရင်းသားထု ပြည်ထောင်စုစိတ်ဓာတ် မွန်အမြတ်တို့ မပြတ်ဖွံ့ဖြိုး တိုးထက်တိုးရင်း အမျိုးဘာသာ သာသနာ ရောင်ဝါဝင့်ဝဲ နေပါသတည်း။ ။

ကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းအောင် စနစ်တကျပြုစုထိန်းသိမ်း သုံးနှစ်အတွင်း ကြက်ဆူပင်ဧကငါးသိန်း စိုက်ပျိုးပြီးဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက်၇နာရီတွင် အဆိုပါ တပ်နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့ တက်ရောက်၍ ခြံစည်းရိုး ကြက်ဆူပင်များ ပျိုးထောင်ပေးကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနား၌ ပျိုးထောင်စိုက်ပျိုးကြမည့် ကြက်ဆူပျိုးပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆက်လက်၍ စနစ်တကျ ပြုစုထိန်းသိမ်းကြစေလိုကြောင်းနှင့် ရန်ကုန်တိုင်း၏ ၂၀၀၆ခုနှစ်မှ စတင်၍ သုံးနှစ်အတွင်း ကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးပြီးဖြစ်ရမည်ဆိုသည့် ရည်မှန်းချက် အောင်မြင်အောင် ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တပ်နယ်ခေတ္တတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းဦးက ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး နည်းပညာနှင့် အသုံးဝင်ပုံနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ မင်္ဂလာဒုံတပ်နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူ စေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး နည်းပညာပေး ပြသမှုကို ကြည့်ရှုကြပြီး ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ရန်ကုန်တပ်နယ်၏ ခြံစည်းရိုး ကြက်ဆူပျိုးဥယျာဉ်အတွင်း တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုး ကြက်ဆူပျိုးပင် ၁၅၀၀၀နှင့် မျိုးကိုင်း ၂၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ရန်ကုန်တိုင်း စစ်ဌာနချုပ် မင်္ဂလာဒုံတပ်နယ်၏ ခြံစည်းရိုး ကြက်ဆူပင် ပျိုးပွဲတော်အခမ်းအနားကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် ဆေးတက္ကသိုလ်ဝင်း အတွင်း၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက်တိုင်းမှူး၊ဇနီးနှင့် ဧည့်သည်တော်များသည် အခမ်းအနား၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသသည့် ခြံစည်းရိုး ကြက်ဆူမှ ထုတ်လုပ်သည့် ဘိုင်အိုဒီဇယ်နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး နည်းပညာပေး မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြပြီး ခြံစည်းရိုး ကြက်ဆူစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်ပေးကြသည်။

လိုက်လံကြည့်ရှု

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် မင်္ဂလာဒုံ တပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်နှင့် ပျိုးပွဲတော်၌ တပ်နယ် အတွင်းရှိတပ်ရင်း၊တပ်ဖွဲ့များမှ စုပေါင်း စိုက်ပျိုးကြမည့် ခြံစည်းရိုး ကြက်ဆူ ပျိုးပင်နှင့် မျိုးကိုင်းများကို လိုက်လံ ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ယခင်ပြည်ထောင်စုအထက်တန်းကျောင်း (၈)မိုင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ယခင်ပြည်ထောင်စုအထက်တန်းကျောင်း (၈)မိုင်၊ မရမ်းကုန်း (ရန်ကုန်) မှ ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆လမ်း၊ အမှတ်(၂၄–ဒီ)ရှိ ဆရာကြီး ဦးတိုးအောင်၏နေအိမ်၌ ကျင်းပရန်စီစဉ်ထားရာ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက်ကြွရောက်ကြပါရန်နှင့်အလှူငွေနှင့်ပစ္စည်းများကို ဗိုလ်မှူးကြီး ဗဟိန်း(ငြိမ်း) ဖုန်း–၅၅၈၆၇၅၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း–၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း–၆၆၂၉၆၇၊ ဦးအေးဖေ ဖုန်း–၃၇၁၆၅၉၊ ဦးထွန်းမြင့် ဖုန်း–၀၅၆–၂၁၄၇၃၊ ဦးဘညွန့်ဦး ဖုန်း–၆၈၄၇၆၁နှင့် ဦးဝင်းကြည် ဖုန်း–၅၇၃၁၉၀တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လသာ အထက(၁) ကျောင်းသားဟောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

၁၉၆၅ ခုနှစ်နောက်ပိုင်း အထက(၁) လသာ(စင်ထရယ်)ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၉နာရီတွင် အထက(၁) လသာ(ဗဟိုစံပြခန်းမ)၌ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌကိုစိန်ထွန်းလင်း ဖုန်း–၂၅၀၈၀၄၊ ကိုအောင်ကြည်၊ ကိုသော်တာ ဖုန်း–၂၄၅၃၀၈၊ ဗိုလ်မှူးချစ်ညွန့် ဖုန်း–၀၉–၅၀၀၁၃၇၈၊ ကိုအောင်ခိုင် ဖုန်း–၀၉–၉၉–၂၆၁၈၅၊ ဒေါက်တာမြင့်ဦးသွယ်၊ ကိုဇော်ဝင်းတို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (က–ပ)

(၁၃)ကြိမ်မြောက် ဗိုလ်စိန်မှန်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၃၁

ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်အားကစားကွင်းအတွင်း သီတဂူမဟာသိမ်တော်ကြီး အလှူတော်တရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၃ရက်တွင် ဓမ္မစေတီဆရာတော်အရှင်ကောသလ္လ၊၄ရက်တွင် သီတဂူဆရာတော်အရှင်ဉာဏိဿရ(D.Litt)(Ph. D)၊ ၅ရက်တွင် ရွှေပြည်ဟိန်းဆရာတော်အရှင်ခေမာသိရီလင်္ကာရ၊ ၆ရက်တွင် ဖြူးဆရာ တော်အရှင်နရပတိ၊ ၇ရက်တွင် ဓမ္မစေတီဆရာတော်အရှင်ကောသလ္လတို့ကညစဉ် ၆နာရီမှစတင်၍ တရားတော်များဟောကြားတော်မူမည်ဖြစ်သည်။ သီတဂူမဟာသိမ်တော်ကြီးအတွက် လှူဒါန်းပူဇော်လိုပါက ဖုန်း–၅၅၄၈၇၇၊ ၅၄၁၉၉၆၊ ၅၄၆၁၃၉တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

ပညာရေး စုံညီပွဲတော်တွင် မြို့နယ်အဆင့် ဓမ္မစကြာ ရွတ်ဖတ် ပူဇော်ပွဲ၌ ပထမ ဆုရ အသင်းအလက (၁)ပန်းဘဲတန်း မြို့နယ် ကိုယ်စား မောင်ရဲ မင်း အောင် အား ကျောင်းအုပ် ဆရာကြီး ဦး ကျော်နိုင် ဆုချီး မြှင့် စဉ်။

(ပညာရေး)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသော ဆေးတပ်စု သင်တန်းအမှတ်စဉ်(၆)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (မီးသတ်ဦးစီး)

ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်း သင်တန်းများ ဖွင့်လှစ် ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဇန်နဝါရီ ၂၉ရက်တွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ တာဝန်များ ကျေပွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၃၀ရက်တွင် ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသောဆေးတပ်စုသင်တန်း အမှတ်စဉ်(၆)ဖွင့်ပွဲသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဗဟိုမီးသတ်သင်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ဖွင့်လှစ်မည့် ဘာသာရပ်ဆိုင်ရာ သင်တန်း၏ အမျိုးသားနှင့်အမျိုးသမီး အိပ်ဆောင်၊ စားရိပ်သာတို့ကိုလည်းကောင်း၊ ကျောင်းအတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိရေးကြိုးပမ်းဆောင်ရွက်ထားမှု အခြေအနေတို့ကိုလည်းကောင်း၊ တပ်မတော်နေ့စစ်ကြောင်းတွင် ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်မှုကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို မှာကြား၍ စစ်ကြောင်းအတွက် အလှူငွေကျပ် ၁၅သိန်းကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးသည် ဝက်မွေးမြူရေးခြံ၊ ကုန်ပဒေသာဆိုင်၊ ကြက်မွေးမြူရေးခြံနှင့် တိုင်းရင်း ပရဆေးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသော လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဘာသာရပ်ဆိုင်ရာသင်တန်း အမှတ်စဉ် (၁၇)ဖွင့်ပွဲကို တက်ရောက်၍ အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ထူးခြားသည့်ညအပူချိန်များ

(၃၁–၁–၂၀၀၆)

ဟားခါး

၂ ဒီဂရီစင်တီဂရိတ်

မိုးကုတ်

၄ ဒီဂရီစင်တီဂရိတ်

နိုင်ငံ့ဝန်ထမ်းများသည် ကြိုးစားပမ်းစားအလုပ်လုပ်ရန် လိုသကဲ့သို့ မိမိတို့၏ ခေါင်းဆောင်မှုအရည်
ကျေးလက်ဒေသအထိ ကွင်းဆင်းပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မား

☆ ရေှ့ဖုံးမှ
ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်) တံတား တည်ဆောက်ပြီးစီးမှုများကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပုသိမ်-မြောင်းမြ-အိမ်မဲ-ဒါးကလမ်း ကွန်ရက်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်) တံတား တံတားအကြောင်း ရွေးချယ်ခဲ့မှုနှင့် စပ်လျဉ်းသည်များ၊ တံတားဆိုင်ရာအချက်အလက်များနှင့် တံတားတည်ဆောက်ပြီးစီးမှုများ၊ ပုသိမ်ဘက်ကမ်းနှင့် မြောင်းမြဘက်ကမ်း ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ပြီးစီးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွင့်ဝင်းက မြောင်းမြခရိုင်အတွင်းရှိ ကားလမ်းများ အခြေအနေနှင့် ဝါးခယ်မ-ပုသိမ်ကားလမ်း အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အမြန်ဆုံးအသုံးပြုနိုင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပမ္မဝတီ မြစ်ကူး(မြင်းကဆိပ်)တံတားကို ပြည်သူများ အမြန်ဆုံးဖြတ်သန်းအသုံးပြုနိုင်အောင် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အလားတူ လက်ရှိအသုံးပြုနေသော ဝါးခယ်မ-ရွှေလောင်း-ပုသိမ်ကားလမ်းထက် ခရီးမိုင် ၃၇ မိုင် လျော့နည်းသက်သာမည့် ဝါးခယ်မ-ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ်ကားလမ်း၌ ကျွန်းကုန်း ချောင်းဖြတ်ကူးတံတားကို ဆက်လက်တည်ဆောက်သွားရန်ဖြစ်ကြောင်း လမ်းညွှန်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ပမ္မဝတီ မြစ်ကူး(မြင်းကဆိပ်) တံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူး ဒေါ်စီသန်း ဦးဆောင်သည့် အင်ဂျင်နီယာများက တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။

တံတားမှာ ပုသိမ်-မြောင်းမြ လမ်းပေါ်၌ တည်ရှိသည့် တံတားဖြစ်သည်။ တံတားအပေါ်ထည်မှာ ဘေလီကြိုးတံတား၊ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ အောက်ထည်မှာ သံကူကွန်ကရစ်နှင့် အုတ်မြစ်မှာ သံကူကွန်ကရစ်လွန်တူးပိုင်တံတား အမျိုးအစားဖြစ်သည်။ ပင်မတံတား၏ အရှည်ပေ ၅၄၀ အပါအဝင် စုစုပေါင်း ပေ ၁၂၆၀ ရှည်သည့် တံတားဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပုသိမ်-မြောင်းမြ-အိမ်မဲ-ဒါးကလမ်း ကွန်ရက်နှင့် ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်) တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ပုသိမ်မှ မြောင်းမြသို့ ၆၅ မိုင်ရှည် ပုသိမ်-ဒါးက-အိမ်မဲ-မြောင်းမြကားလမ်းဖြင့် ခရီးသွားလာရလျက်ရှိရာ ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက်ပြီးစီးပါက ၃၂မိုင်ရှည် ပုသိမ်- ကံကုန်း-မြင်းကဆိပ်-မြောင်းမြကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ယခင်ကားလမ်းထက် ၃၃မိုင် သက်သာစွာဖြင့် ပုသိမ်-မြောင်းမြ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

ရာနှုန်းပြည့်ပြီးစီး

ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက်ရေးလုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ ဝါးခယ်မ-ရွှေလောင်း-ကျုံကနောင်-ပုသိမ်ကားလမ်းမှာ ၉၁ မိုင်ရှိသည့် ကားလမ်းဖြစ်သည်။ အခြားဝါးခယ်မ-ပုသိမ် ဆက်သွယ်နိုင်သည့် ကားလမ်းမှာ ၅၄ မိုင်ရှည် ဝါးခယ်မ- ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ်ကားလမ်းဖြစ်ပြီး အဆိုပါ ကားလမ်း၌ ကျွန်းကုန်းတံတားကို တည်ဆောက်ခြင်းဖြင့် ဝါးခယ်မ-ပုသိမ် ခရီးကို ၃၇ မိုင် သက်သာစေမည်ဖြစ်သည်။

တွေ့ဆုံ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့သို့ ရောက်ရှိကြပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝ
မအူပင်နှင့် ဖျာပုံခရိုင် အေးချမ်းသာယာေ
တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ တိုင်းမှူး ဗို
တိုင်း၏ ဧရိယာစုစုပေါင်းနှင့် မြေအသုံးချ
စိုက်ပျိုးနိုင်မှု၊ အဓိကသီးနှံ ၁၀ မျိုး၊ ပဲမျိ
သီးနှံစိုက်ပျိုးမှုများ၊ ရော်ဘာဧကတစ်သိ
သုံးနှစ်အတွင်း အပြည့်အဝစိုက်ပျိုးပြီးစီး
ကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးသွား
ဖူလုံပိုလျှံမှုများ၊ ဆည်တမံနှင့် မြစ်ရေတင်
အနေ၊ ငါး၊ပုစွန်၊ ကြက်နှင့် ဘဲမွေးမြူမှုများ
များကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက
တိုင်းသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နို



ဧရာဝတီတိုင်း မြောင်းမြနှင့်ပုသိမ်
(မြင်းကဆိပ်) တံတားကို တွေ့ရစဉ်။

- ပုသိမ်မှ မြောင်းမြသို့ ၆၅ မိုင်ရှည် ပုသိမ်-ဒါးက-အိမ်မဲ-မြောင်းမြ ကားလမ်းဖြင့် ခရီးသွားလာရလျက်ရှိရာ ပမ္မဝတီမြစ်ကူး (မြင်းကဆိပ်)တံတား တည်ဆောက်ပြီးစီးပါက ၃၂ မိုင်ရှည် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ ကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ယခင်ကားလမ်းထက် ၃၃ မိုင် သက်သာစွာဖြင့် ပုသိမ်-မြောင်းမြ ဆက်သွယ်သွားလာနိုင်မည်။
- ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက်ရေးလုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်။



...ါင်းဆောင်မှုအရည်အချင်း မြင့်မားအောင် ပြုစုပျိုးထောင် ...င့်အတန်း မြင့်မားအောင် ရှေ့ဆောင်ရှေ့ရွက်ပြုဆောင်ရွက်

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် ညွှန့်ရိပ်သာ၌ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်နှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပုသိမ်၊ဟင်္သာတ၊ မြောင်းမြ၊ မအူပင်နှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း၏ ဧရိယာစုစုပေါင်းနှင့် မြေအသုံးချမှုများ၊ လူဦးရေ၊ မိုးစပါး၊နွေစပါး စိုက်ပျိုးနိုင်မှု၊ အဓိကသီးနှံ ၁၀ မျိုး၊ ပဲမျိုးစုံ၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ပျိုးမှုများ၊ ရော်ဘာဧကတစ်သိန်း စိုက်ပျိုးရန် လျာထားမှုနှင့် သုံးနှစ်အတွင်း အပြည့်အဝစိုက်ပျိုးပြီးစီးရန် စီမံထားမှုများ၊ ခြစည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးသွားရန် စီစဉ်ထားမှုများ၊ ဒေသဆန်ဖူလုံပိုလျှံမှုများ၊ ဆည်တမံနှင့် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်မှုအခြေအနေ၊ ငါး၊ပုစွန်၊ ကြက်နှင့် ဘဲမွေးမြူမှုများ၊ တိုင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်က အားထားရသည့်တိုင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်း၏ စိုက်ပျိုးမှုကောင်းလျှင်ကောင်းသလို၊ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်လျှင် တိုးတက်သလို နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုလျက်ရှိကြောင်း။

ဧရာဝတီတိုင်း၏ မိုးစပါးစိုက်ပျိုးမှု တစ်ခုတည်းကိုပင်ကြည့်ပါက ဧက ၃၆သိန်းကျော်ရှိသဖြင့် တစ်နိုင်ငံလုံးမိုးစပါးစိုက်ပျိုးမှု၏ ၂၅ ရာခိုင်နှုန်းကျော်ခန့်ရှိနေကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းအနေဖြင့် မိမိ၏ စိုက်ပျိုးထုတ်လုပ်မှုကို မြင့်မားတိုးတက်နေအောင် အမြဲတမ်း အားထုတ်ကြိုးပမ်းနေရန် လိုကြောင်း။

ရေဝတီတိုင်း မြောင်းမြနှင့်ပုသိမ် ဆက်သွယ်သည့် ပမ္မဝတီမြစ်ကူး (မြင်းကဆိပ်) တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ခေါင်းဆောင်မှုအရေးကြီး

ယင်းသို့ကြိုးပမ်းအားထုတ်ရာတွင် ခေါင်းဆောင်မှုအပိုင်း၏ အခန်းကဏ္ဍမှာအရေးကြီးကြောင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် နိုင်ငံ့ဝန်ထမ်းများ၏ ခေါင်းဆောင်မှုကောင်းလျှင်ကောင်းသလောက် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ထို့ကြောင့်ဧရာဝတီတိုင်း၏ စိုက်ပျိုးရေးကဏ္ဍ ရှင်သန်ဖွံ့ဖြိုးနေရန်အတွက် တာဝန်သိသိ၊ အစီအမံရှိရှိဖြင့် ဦးစီးဦးဆောင်ပြု ကြိုးပမ်းအားထုတ်သွားမည်ဟု ဝန်ထမ်းများအနေဖြင့် ခံယူလုပ်ဆောင်သွားရန် အရေးကြီးကြောင်း။

တီထွင်ကြံဆ

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ စက်သုံးဆီမလုံလောက်၍ စိုက်ဧကပြည့်မီအောင် မစိုက်ပျိုးနိုင်ခြင်းမျိုး မဖြစ်ရအောင် တီထွင်ကြံဆ ကြိုးပမ်းနေရမှာဖြစ်ကြောင်း။

သီးထပ်စိုက်ပျိုးရေး၌ စက်သုံးဆီသည် အရေးကြီးသည်မှာ အမှန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရန် စက်သုံးဆီကို တတ်နိုင်သမျှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသော်လည်း ကမ္ဘာ့ရေနံဈေးနှုန်းမှာ တက်လျက်ရှိသဖြင့် နိုင်ငံခြားသုံးငွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲနေရသော်လည်း လောက်ငမှု၊ ပြည့်စုံမှု မရှိခဲ့ကြောင်း။

ဇီဝဒီဇယ်အသုံးပြုနိုင်

ယခုအခါ ခြံစည်းရိုးကြက်ဆူပင်မှနေ၍ ဒီဇယ်ဆီအစားထိုးသုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူ ထုတ်လုပ်အသုံးပြုနိုင်ပြီဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခြံစည်းရိုးကြက်ဆူပင်များကို အောင်မြင်အောင် ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးသွားကြရမှာဖြစ်ကြောင်း။

နောင်တစ်နှစ်ကျော်၊ နှစ်နှစ်ခန့်ဆိုလျှင် မိမိတို့ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော ဇီဝဒီဇယ်ဖြင့် သီးထပ်စိုက်ပျိုးရေးကို အပြည့်အဝ လုပ်ကိုင်နိုင်တော့မှာဖြစ်ကြောင်း။

မြေသယံဇာတဖော်ထုတ်

တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံ၏ ပေါကြွယ်ဝသော မြေသယံဇာတများကို အပြည့်အဝ ဖော်ထုတ်အသုံးချနိုင်အောင် ကြိုးပမ်းကြရန်လိုကြောင်း။

သီးနှံစိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်း၊ သီးထပ်စိုက်စွမ်းအားမြှင့်တင်ခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှု အခြေအနေကို တိုးတက်သည်ထက် တိုးတက်အောင် လုပ်ကိုင်သွားကြရမှာ ဖြစ်ကြောင်း။

ဧရာဝတီတိုင်း၌လည်း တည်ရှိနေသော မြေသယံဇာတများကို ထိရောက်စွာ အသုံးချနိုင်အောင် ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း။

ပြုစုပျိုးထောင်

နိဂုံးချုပ်အားဖြင့် နိုင်ငံ့ဝန်ထမ်းများသည် ကြိုးစားပမ်းစား အလုပ်လုပ်ကြရန်လိုအပ်သကဲ့သို့ မိမိတို့၏ ခေါင်းဆောင်မှုအရည်အချင်းကိုလည်း မြင့်မားနေအောင် ပြုစုပျိုးထောင်ကြရန်လိုကြောင်း၊ ကျေးလက်ဒေသအထိ ကွင်းဆင်းပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာအောင် ရှေ့ဆောင်ရှေ့ရွက်ပြု ဆောင်ရွက်သွားကြရန်၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ကိုယ်ထိလက်ရောက် ကြိုးပမ်းအားထုတ်လုပ်ဆောင်သွားကြရန်၊ ပြည်သူများနှင့် အမြဲထိတွေ့ပြီး ပြည်သူများကို အကျိုးပြုနိုင်အောင် အပင်ပန်းခံ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ပြန်လည်ထွက်ခွာ

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ရောက်ရှိကြသည်။ (သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီး၌ ဖေဖော်ဝါရီ ၂ရက်မှ ၄ရက်အထိ သုံးရက်တိုင်တိုင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက လည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ရက်များတွင် တိုက်ကြီးမြို့ လိမ္မော်ခြံကျေးရွာ မြစိမ်းတောင် ဆရာတော် ဦးဇာနေယျကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အောင်စကြာဓမ္မခရီး

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဖေဖော်ဝါရီ ၄၊ ၅၊ ၆ ရက်ညများတွင် လက်ပံတန်းမြို့နယ် မင်းလမ်းကျေးရွာ၊ ၇၊ ၈၊ ၉ ရက်ညများတွင် ထိန်တောမြို့၊ ၁၀၊ ၁၁၊ ၁၂ ရက်ညများတွင် လက်ပံတန်းမြို့နယ် အရေ့မော်အင်းကျေးရွာ၊ ၁၃ ရက်ညတွင် ရွှေပြည်သာမြို့နယ် ၈/၃၄/၁၀ ရပ်ကွက် သီတဂူပန်းခြံ၊ ၁၄ ရက်ညတွင် လှိုင်သာယာမြို့နယ်၊ ၂/၆/၇-၅ထိပ်၊ ၁၅၊ ၁၆ရက် ညများတွင် ပဲခူးမြို့ ဥဿာမြို့သစ်(၂)ရပ်ကွက် ဓမ္မစေတီနန်းဦးကျောင်းလမ်း၊ ၁၇ရက်ညတွင် ရွှေပြည်သာမြို့နယ် ၃/၃၈-၁၈ရပ်ကွက် သမာဓိလမ်းသွယ်၊ ၁၈၊ ၁၉၊ ၂၀ ရက် ညများတွင် ဖျာပုံမြို့ အပြောင်ရပ်ကွက် ထုပါရုံဘုရား၊ ၂၁၊ ၂၂ ရက် ညများတွင် ထန်းတပင်မြို့နယ် ကုန်းတနဲရိကျေးရွာတို့တွင် ဓမ္မခရီး ကြွရောက်ဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)

ဆရာတော်ကြီးများအား ပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် စတုတ္ထအကြိမ် သက်တော်ရှည် ဆရာတော်ကြီးများ ပူဇော်ပွဲ အခမ်းအနားကို ချောင်းဝကျောင်းတိုက်၌ ဇန်နဝါရီ ၂၀ ရက်က ကျင်းပရာ မြို့နယ်အတွင်းရှိ သက်တော်ရှည် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အရှင်ဓမ္မပီယ ဦးဆောင်သော ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီအဖွဲ့နှင့် မြို့နယ်အတွင်းရှိ သံဃာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊အလှူရှင်များက ပူဇော်ကန်တော့ကြသည်။ (က-ပ)

မြောင်းတကာကျေးရွာ တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း သာကေတ အောင်စကြာ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက် ရှင်စန္ဒောဘာသက ဖေဖော်ဝါရီ ၉ရက်မှစ၍ ခုနစ်ရက်တရားစခန်းကို မြောင်းတကာ စံပြကျေးရွာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၂၃၇)ရှိဓမ္မာရုံတော်ကြီးတွင်ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အကပြိုင်ပွဲ
- ၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)**
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၁၀ ၆။ အတီးပြိုင်ပွဲ
- ၅:၂၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၃၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၄၀ ၉။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၃။ အနာကြီးရောဂါ ဆက်လက်ကင်းဝေးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့
- ၇:၂၀ ၁၄။ သူ့အမြင်၊သူ့အတွေး၊သူ့သုံးသပ်ချက်နှင့် သူရွေးချယ်ခဲ့သောလမ်း
- ၇:၃၅ ၁၅။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း-၈)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃)ကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ(ရုပ်သေး) "မင်းကုသဇာတ်တော်ကြီး" (ဒုတိယဆု)(ရန်ကုန်တိုင်း) (အပိုင်း-၂)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ လေ့လာတွေ့ရှိချက်များကို စုစည်းပြုစုနိုင်ရေး အမျိုးသားညီလာခံ ခေတ္တရပ်နားရေး ညီလာခံကိုယ်စားလှယ်များအနေဖြင့် အကြံဉာဏ်ကောင်းများပေးနိုင်ရေး ကြိုတင် လေ့လာသင့်သည်များကို ကြိုတင်လေ့လာ

✧ **ကျောဖုံးမှ**

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်သူ့ လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသား အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမ၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၉ ဦး ရှိပြီး ၁၀၆၉ ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် စုံညီအစည်းအဝေး အစီအစဉ်အရ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများကို ဆက်လက်ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် စတင်ပြီး ပြန်လည်ကျင်းပခဲ့ပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဒို့တာဝန် အရေး(၃)ပါးကို ဦးထိပ်ထားကာ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် အမျိုးသားညီလာခံနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အမျိုးသားညီလာခံသို့ အင်တိုက်အားတိုက်တက်ရောက်လာခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံတွင်လည်း တစ်ဦးနှင့် တစ်ဦးညီရင်းအစ်ကိုပမာ ဆက်ဆံကြကာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ရှေးရှုပြီးကောင်းမွန်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ကြသည့်အတွက် ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်း ပဏာမပြောကြားလိုပါကြောင်း။

၂၀၀၅ခုနှစ် မတ် ၂၁ ရက်မှ ၃၀ ရက်အထိ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများမှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဖတ်ကြားတင်ပြခဲ့ကြသည့် အကြံပြုချက်များအပေါ် အလှည့်ကျသဘာပတိအဖွဲ့က လေ့လာစုစည်းပြီး ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၆ရက်၊ ၇ရက်များတွင် အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို တင်ပြခဲ့ပါကြောင်း။

အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်း တင်ပြချက်များအရ ညီလာခံကိုယ်စားလှယ် အများအပြား၏ အကြံပြုချက်များနှင့်အညီ ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းသို့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ခြင်းသည် သက်ဆိုင်ရာ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များက အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ပင် ဖြစ်ပါကြောင်း။

၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၃၊ ၁၄ရက်နှင့် ၁၅ရက်များတွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးများ၌ ဥပဒေပြုရေးအခန်းတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ကို ဖတ်ကြားတင်ပြခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီ၏ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုချက်စာတမ်းများကို ပြုစုပြီး ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၉ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးများတွင် ဖတ်ကြားတင်ပြခဲ့ကြပါကြောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် လည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃ရက်နှင့် ၅ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၅ရက်တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြား ဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း ဖတ်ကြားတင်သွင်းခဲ့ကြပြီး ဖြစ်ပါကြောင်း။

၂၀၀၆ခုနှစ် ဇန်နဝါရီ၁၀ရက်တွင် ကျင်းပခဲ့သည့်အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် **"နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်း"** နှင့် **"တပ်မတော်အခန်း"**တို့အတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ကိုဖတ်ကြားတင်ပြခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံ ကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက်ကျေကျေလည်လည် ဆွေးနွေးညှိနှိုင်းကြပြီးနောက်အကြံပြုချက်စာတမ်းများကိုပြုစုပြီး ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၄ရက်မှ ၃၀ရက်အထိကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးများတွင် ဖတ်ကြားတင်ပြခဲ့ကြပါကြောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၄ရက်နှင့် ၂၅ရက်တို့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၅ရက်နှင့် ၂၆ရက်တို့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် လည်းကောင်း ဖတ်ကြားတင်သွင်းခဲ့ကြပြီးဖြစ်ပါကြောင်း။

ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဆွေးနွေးတင်ပြကြသည့် အကြံပြုချက်များတွင်လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များကို အကျေအလည်ဆွေးနွေးပြီး ကျိုးကြောင်းဖော်ပြထောက်ခံကြသကဲ့သို့ ဒို့တာဝန်အရေးသုံးပါး ပါဝင်သည့် အမျိုးသားညီလာခံ၏ ဦးတည်ချက် (၆)ရပ်၏ မူဘောင်အတွင်းနှင့် အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူ ၁၀၄ ချက်၏ မူဘောင်အတွင်းက မိမိတို့၏ အတွေ့အကြုံများအပေါ်တွင် မူတည်၍ သီးခြားအကြံပြုချက်များကိုလည်း အကျိုးအကြောင်း ဖော်ပြလျက် တင်ပြထားကြကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းအကြံပြုချက်များကို အလှည့်ကျ သဘာပတိအဖွဲ့ဝင်များက လေ့လာပြီး ကဏ္ဍအလိုက် ကောက်နုတ်စုစည်းကာ အမျိုး သားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြရန်ရှိပါကြောင်း။

ယင်းသို့ အလှည့်ကျ သဘာပတိအဖွဲ့ဝင်များက လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ညီလာခံကိုယ်စားလှယ်များလည်း အားလပ်နေမည်ဖြစ်သည့်အတွက်ကြောင့် အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများသည် မိမိတို့ ရပ်ဆိုင်းထားခဲ့ရသည့် စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်စေရန် အလို့ငှာလည်းကောင်း၊ အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့၏ လေ့လာတွေ့ရှိချက်များကို စုစည်းပြုစုနိုင်ရေး အတွက်ကြောင့်လည်းကောင်း အမျိုးသားညီလာခံကို ယနေ့မှ စတင်၍ ခေတ္တရပ်နားထားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကို ပြန်လည်ကျင်းပသည့်အခါ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော် အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများကို ညီလာခံကိုယ်စားလှယ် အများစု၏ ဆန္ဒနှင့်အညီ ချမှတ်သွားမည်ဖြစ်ပါကြောင်း၊ ညီလာခံကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ အကြံပြုနိုင်ရေးအတွက် လုပ်ငန်းပမာဏကို ချင့်ချိန်ပြီး ကျန်အခန်းခေါင်းစဉ်များ၏ အစီအစဉ်အတိုင်း ခေါင်းစဉ်အချို့ကို လိုအပ်သလို တင်ပြသွားရန် ရည်ရွယ်ထားပါကြောင်း၊ ထို့ကြောင့် ညီလာခံကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အကြံဉာဏ်ကောင်းများ ပေးနိုင်ရေးအတွက် ကြိုတင်လေ့လာသင့်သည့် အကြောင်းအရာများကို ကြိုတင်လေ့လာထားကြပါရန် တိုက်တွန်းရင်း မိမိ၏ တင်ပြချက်ကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ပြန်လည်စတင် ကျင်းပခဲ့သည့် အခု အမျိုးသားညီလာခံသည် မကြာခင် အချိန်အတွင်း၌ပင် အောင်မြင်စွာ ပြီးစီးတော့မည် ဖြစ်ပါကြောင်း၊ ညီလာခံ အောင်မြင်စွာ ပြီးစီး၍ ခေတ္တရပ်နားချိန်တွင် ကိုယ်စားလှယ်ကြီးများအနေနှင့်လည်း မိမိတို့ နေရပ်ဒေသများကို ပြန်ကြတော့မည်ဖြစ်ပါကြောင်း၊ ဤသို့ ပြန်ကြရာတွင် ပို့ဆောင်ရေး၊ သွားလာရေး စသည့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများ အစစအရာရာ အဆင်ပြေအောင် ကော်မရှင်အနေနှင့် အဘက်ဘက်က ညှိနှိုင်းစီစဉ် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ ဤသို့ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကိုယ်စားလှယ်ကြီးများ သိရှိအောင် ရှင်းလင်းပြောကြားရမည်ဆိုလျှင် ကိုယ်စားလှယ်ကြီးများအနေနှင့် ခရီးအနီးအဝေး ပို့ဆောင်မှု နည်းလမ်းနှင့် ခရီးလမ်းကြောင်း စသည့် အခြေအနေများအပေါ် မူတည်ပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားပြည်သူအပေါင်းက သောင်းသောင်းဖြဖြထောက်ခံလျက်ရှိ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အနှောင့်အယှက်များကို ကျော်လွှားပြီး အောင်မြင်ပြီးမြောက်သည်ထိ ကျင်းပမည်

❍ စာမျက်နှာ ၁၀ မှ

ညီလာခံ ပြီးဆုံးသည့် ယနေ့ ညနေတွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင်လည်းကောင်း ပြန်လည်ထွက်ခွာနိုင်ရန် စီစဉ်ထားရှိပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးများ မိမိတို့နေရပ်ဌာနေကို ပြန်ကြရာတွင်လည်း အဆင်အပြေဆုံးဖြစ်အောင် လေယာဉ်နှင့် သွားရမည့်နေရာကို လေယာဉ်ဖြင့်လည်းကောင်း၊ ရထားနှင့်သွားရမည့်နေရာကို ရထားဖြင့် လည်းကောင်း၊ ကားနှင့်သွားမှ အဆင်ပြေမည့်နေရာကို ကားဖြင့်လည်းကောင်း သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း။

လေယာဉ်နှင့် ရထားလက်မှတ်များကိုလည်း ဇန်နဝါရီ ၂၉ရက် ညနေကတည်းက စတင်စီစဉ်ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကားနှင့်ပြန်ကြရမည့် ကိုယ်စားလှယ်ကြီးများအတွက်လည်း ကားများ ညှိနှိုင်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ သွားရောက်မည့်ခရီးစဉ်အသေးစိတ်ကိုလည်း သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီက ကိုယ်စားလှယ်ကြီးများကို အသိပေးထားပြီးဖြစ်၍ ယင်းအစီအစဉ်များအတိုင်း ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ယင်းအစီအစဉ်များအတိုင်း သွားကြရာတွင် မလိုလားအပ်သည့် ချို့ယွင်းအားနည်းချက်များ မဖြစ်စေရေးအတွက်လည်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများမှ တာဝန်ခံကိုယ်စားလှယ်များက လာရောက် ကြပ်မတ်ခေါ်ဆောင်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီးများအားလုံးကလည်း လမ်းခရီးအန္တရာယ်ကင်းစေရေး ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

ထို့ပြင် မိမိတို့ ကိုယ်ပိုင်ယာဉ်များနှင့် ပြန်ကြမည်ဆိုလျှင်လည်း ပြန်ခွင့်ပြုမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဝန်စည်စလယ် စသည့်ပစ္စည်းများ သယ်ယူရာတွင်လည်း လွယ်ကူအဆင်ပြေစေရန် မိမိတို့၏ကိုယ်ပိုင်ယာဉ်များ၊ ပြည်နယ်၊ တိုင်းအလိုက်ယာဉ်များကို အိပ်ဆောင်အထိခေါ်ယူခွင့်ပြုမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း စနစ်တကျရှိစေရေးနှင့် လုံခြုံရေးတို့အတွက် အိပ်ဆောင်အထိ ဝင်မည့်ကိုယ်ပိုင်ယာဉ်များ၊ ပြည်နယ်၊တိုင်း အလိုက်ယာဉ်များသည် ယာဉ်အမှတ် အမျိုးအစားတို့ကို စီမံခန့်ခွဲမှုကော်မတီထံတင်ပြခွင့်ပြုချက်ရယူပြီး စစ်ဆေးရေးဂိတ်များတွင် လုံခြုံရေးအတွက်စစ်ဆေးခံပြီးမှ ဝင်ရောက်ကြရမည်ဖြစ်ပါကြောင်း၊ ကျန်လေဆိပ်၊ ဘူတာများကို ပို့ပေးရမည့်ကိုယ်စားလှယ်များအတွက်လည်း ညီလာခံကယာဉ်များနှင့် စီစဉ်ပို့ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရန်ကုန်မြို့နှင့် ရန်ကုန်မြို့ဝန်းကျင်တွင် နေထိုင်ကြသည့် ကိုယ်စားလှယ်များအနေနှင့်လည်း ညီလာခံက စီစဉ်ပေးသည့်ယာဉ်များနှင့် စီးနင်းလိုက်ပါမည်ဆိုလျှင်လည်း စီးနင်းလိုက်ပါနိုင်အောင် စီစဉ်ထားရှိပါကြောင်း။

ကိုယ်စားလှယ်ကြီးများ၊သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများရှိ လေယာဉ်၊ ရထားနှင့် ကားလမ်းဆုံးများသို့ ရောက်ရှိပြီးသည့်အခါတွင်လည်း မိမိတို့နေရပ်ကို အဆင်ပြေချောမွေ့စွာခရီးဆက်နိုင်ရန် သက်ဆိုင်ရာ ပြည်နယ်၊တိုင်း အသီးသီးက ကူညီပံ့ပိုး ဆောင်ရွက်ပေးရေးအတွက် ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၄ ရက်စွဲပါ စာအမှတ် ၃/ညီလာခံ/၃–စမ နှင့် ကော်မရှင်က မေတ္တာရပ်ခံပေးထားပြီး ဖြစ်ပါကြောင်း။

ညီလာခံကိုယ်စားလှယ်ကြီးများ၏ လုံခြုံရေးနှင့် ညီလာခံကြီးတစ်ခုလုံးလုံခြုံရေးတို့အတွက် ကိုယ်စားလှယ်ကြီးများ ညောင်နှစ်ပင်စခန်းကို စရောက်သည့်အချိန်ကစပြီး ညီလာခံကိုယ်စား လှယ်စိစစ်ရေးကတ်နှင့် ညီလာခံရင်ထိုးတံဆိပ်တို့ကို ထုတ်ပေးထားခဲ့ပါကြောင်း၊ ယခု ညီလာခံခေတ္တရပ်နားပြီး နေရပ်ပြန်ကြမည်ဖြစ်သည့်အတွက် ညီလာခံကိုယ်စားလှယ်စိစစ်ရေးကတ်ပြားများကိုလုံခြုံရေးဆပ်ကော်မတီက အဆောင်များ၌ လိုက်လံသိမ်းဆည်းမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီးများ နောက်တစ်ကြိမ် ညီလာခံတက်ရန် ညောင်နှစ်ပင်စခန်းကို ပြန်ရောက်သည့်အခါ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများကို တစ်ဆက်တည်း မှာကြားလိုသည်မှာ ကိုယ်စားလှယ်ကြီးများထံ ထုတ်ပေးထားသည့် အမျိုးသားညီလာခံရင်ထိုးတံဆိပ်သည်လည်း ကိုယ်စားလှယ်ကြီးများဖြစ်ကြောင်း တစ်နည်းတစ်ဖုံသိသာရန် လုံခြုံရေးအရဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် မပျောက်မပျက်ရန် ထိန်းသိမ်းထားရှိရန်မှာကြားလိုပါကြောင်း။

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီး ခေတ္တရပ်နားပြီး နောက်တစ်ကြိမ် ပြန်လည်ကျင်းပသည့်အခါတွင်လည်း ညီလာခံအစည်းအဝေးဖိတ်စာများကို ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ပေးပို့မည်ဖြစ်ပါကြောင်း၊ ဤသို့ဖိတ်ကြားရာတွင်လည်း ဖိတ်ကြားစာများ ညီလာခံကိုယ်စားလှယ်ကြီးများထံ အိမ်တိုင်ရာရောက် ရောက်ရှိရန်၊ သွားရေးလာရေး ပို့ဆောင်ရေးကိစ္စများ အဆင်ပြေချောမွေ့ရန် ဆောင်ရွက်ကူညီပေးရေး သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ဖိတ်စာများပေးပို့သည့် အခါတွင်လည်း ဖိတ်စာများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးရေး၊ သွားလာရေး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရေးတို့ကို ထပ်မံအကြောင်းကြားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြိုတင်အသိပေးထားလိုပါကြောင်း။

ယခုကျင်းပသည့် အမျိုးသားညီလာခံတွင် ၂၀၀၄ခုနှစ်နှင့် ၂၀၀၅ခုနှစ် ညီလာခံများ ကျင်းပစဉ်က တွေ့ရှိခဲ့ရသည့် တွေ့ရှိချက်များကို အထူးဂရုပြု ပြုပြင်ပြီး အုပ်ချုပ်ရေးဆိုင်ရာ ကဏ္ဍအားလုံးတွင် အကောင်းဆုံး၊ အဆင်အပြေဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကိုယ်စားလှယ်ကြီးများ ကိုယ်တိုင်ကလည်း နိုင်ငံတော်နှင့် ညီလာခံတာဝန်ရှိသူအားလုံးက အဘက်ဘက်မှ အလေးထားစီစဉ်ကြပ်မတ်ဆောင်ရွက်ပေးမှု၊ နေထိုင်ရေး ချက်ပြုတ်ကျွေးမွေး ဧည့်ခံရေး စသည့် ကဏ္ဍအသီးသီးတွင် ဝန်ဆောင်မှုပေးနေကြသည့် တာဝန်ကျ လူငယ်များ၏ စေတနာအရင်းခံနှင့် မိမိတို့၏ မိဘ၊ အစ်ကို၊ အစ်မများသဖွယ် သဘောထားပြုစုစောင့်ရှောက်မှုတို့ကို ခံစားတွေ့မြင်ပြီး တော်ရုံတန်ရုံ အားနည်းချက်များအပေါ် နားလည်ခွင့်လွှတ်ခဲ့ကြသည်ဟု မိမိတို့ ပြန်လည် ကြားသိခဲ့ရပါကြောင်း၊ ထို့ကြောင့်လည်း ယခုကျင်းပသည့် ညီလာခံကာလအတွင်းနှင့် နေထိုင်စားသောက်ရေးစသည့် အုပ်ချုပ်မှုကိစ္စများတွင် အခက်အခဲ တစ်စုံတစ်ရာမရှိဘဲ အစစ အရာရာ အဆင်ပြေ ချောမွေ့ခဲ့ကြောင်း တွေ့ရှိရပါကြောင်း၊ နောင်ပြန်လည်ကျင်းပမည့် ညီလာခံများတွင်လည်း ယခုညီလာခံကဲ့သို့ အဆင်ပြေချောမွေ့ရန်၊ ပိုမိုကောင်းမွန်ရန် ပြင်ဆင်ဆောင်ရွက်ထားမည်ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

ညီလာခံကျင်းပနေစဉ်ကာလအတွင်း အမျိုးသားညီလာခံသတင်းလွှာကို နေ့စဉ်ထုတ်ဝေ ဖြန့်ချိခဲ့ပါကြောင်း၊ ဤညီလာခံသတင်းလွှာတွင် စုံညီအစည်းအဝေးကျင်းပခြင်း၊ အစုအဖွဲ့အလိုက် အစည်းအဝေးများကျင်းပခြင်း၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခြင်း စသည့် ညီလာခံက ဆောင်ရွက်သည့်ကိစ္စမှန်သမျှ၏ အကြောင်းအရာများ ပါဝင်သည့်အတွက် ညီလာခံကိုယ်စားလှယ်ကြီးများအတွက် မိမိပါဝင်ဆောင်ရွက်ခဲ့သည့် ညီလာခံ၏အကြောင်းအရာများဖြစ်၍ နောင်အခါ တန်ဖိုးမဖြတ်နိုင်သည့် အထောက်အထားမှတ်တမ်းများ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

ထို့ပြင် ကိုယ်စားလှယ်ကြီးများက ဆောင်းပါး၊ကဗျာ၊ဝတ္ထု၊ ဟာသ၊ ပုံပြင် စသည်များကို စိတ်ပါဝင်စားစွာ ပါဝင်ရေးသားမှုနှင့် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ညီလာခံသတင်းလွှာသည်လည်း ချစ်,ရွှင်,သနား၊ တည်ကြား၊ ရဲဝံ့၊ အံ့သြ စသည့် ရသစုံကို ပေးစွမ်းနိုင်ခဲ့သည့်အတွက် ကိုယ်စားလှယ်ကြီးများအားလုံးက နှစ်သက်လက်ခံကြကြောင်း၊ မိမိတို့ တိုင်းရင်းသားအသီးသီး၏ ဓလေ့ထုံးစံ ယဉ်ကျေးမှုများကို အချင်းချင်း ပိုမိုနားလည်သဘောပေါက်မှုရရှိစေခဲ့ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုတိုးတက်မြင့်မားစေခဲ့ကြောင်း၊ ပြန်လည်ကြားသိရပါကြောင်း၊ ယင်းသို့ အကျိုးတရားကောင်းများ ပေးစွမ်းနိုင်စေသည့် စာစောင်များဖြစ်၍လည်း မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနက ဤညီလာခံသတင်းလွှာပါ ဆောင်းပါး၊ ကဗျာ၊ ဟာသများကို စာအုပ်အဖြစ် စုစည်းပုံနှိပ်ထုတ်ဝေထားပြီးဖြစ်ပါကြောင်း။

ယခုကဲ့သို့ အုပ်ချုပ်မှုကိစ္စများ၊ နေ့စဉ်သတင်းလွှာနှင့် ဖျော်ဖြေမှုကိစ္စများတွင် အကောင်းဆုံးဖြစ်ရန်၊ အဆင်ပြေဆုံးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် တာဝန်ရှိသူများနှင့် ဝန်ထမ်းအားလုံးကိုလည်းကောင်း၊ ခံစားနားလည်မှု အရင်းခံပြီး သည်းခံခွင့်လွှတ် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ကိုယ်စားလှယ်ကြီးများအားလုံးကို လည်းကောင်း အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း၊ ထို့အတူ ဖျော်ဖြေရေးကဏ္ဍတွင် ငွေကြေးကို ပဓာန မထားဘဲစေတနာနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန မြဝတီ ဝိုင်းတော်သားများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အငြိမ့်အဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ သဘင်အစည်းအရုံးနှင့် အနုပညာရှင်များအားလုံးကိုလည်း အထူးပဲကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း၊ ထို့ပြင် ညီလာခံကြီး အောင်မြင်ရေးအတွက် ငွေကြေး၊ ပစ္စည်းလှူဒါန်းခဲ့ကြသည့် အဖွဲ့အစည်းများနှင့် စေတနာရှင်များ၊ အားကစားနှင့် ဖျော်ဖြေမှုကဏ္ဍတွင် စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင် ဖြစ်အောင် ပံ့ပိုးကူညီခဲ့ကြသည့် ညီလာခံကိုယ်စားလှယ်လုပ်ငန်းရှင်များနှင့် ပြင်ပမှ လုပ်ငန်းရှင်များ၊ ရုပ်ရှင်ကားများ စဉ်ဆက်မပြတ်ပြသနိုင်အောင် လှူဒါန်းခဲ့ကြသည့် ရုပ်ရှင်ထုတ်လုပ်သူများ အားလုံးကိုလည်း အထူးပဲကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း။

ယခု မကြာခင် အမျိုးသားညီလာခံ၏ အခန်းကဏ္ဍတစ်ရပ်ပြီးဆုံးတော့မည်ဖြစ်သည့်အတွက် မိမိတို့ဌာနေကို ပြန်ကြတော့မည်ဖြစ်၍ ကိုယ်စားလှယ်ကြီးများ၏ ဌာနေအပြန်ခရီးချောမွေ့ အန္တရာယ်ကင်းပါစေ၊ မိသားစုနှင့် ပြန်လည်ဆုံတွေ့ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ၊ ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့လည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနှင့် ပြန်လည်တက်ရောက်နိုင်ကြပါစေ၊ အမျိုးဘာသာ သာသနာ အကျိုးနှင့် မိမိတို့၏ အကျိုးကို ဆတက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင်နိုင်ကြပါစေဟုဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နှစ်သစ်အခါသမယတွင် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် တိုင်းကျိုးပြည်ကျိုးများကို ဆတက်ထမ်းပိုးတိုးပြီး သယ်ပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

၂၀၀၅ခုနှစ် ဒီဇင်ဘာ ၅ ရက်၌ ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးသည် ယခုအခါတွင် အချိန်ကာလအားဖြင့် နှစ်လနီးပါးရှိသွားပြီဖြစ်ပါကြောင်း၊ ဤကာလအတွင်း၌ ကိုယ်စားလှယ်ကြီးများအနေဖြင့် တက်တက်ကြွကြွ ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အသေးစိတ် အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် ယခင်အပတ် အမျိုးသားညီလာခံက ကိုယ်စားလှယ်ကြီးများ ထောက်ခံ ဆွေးနွေး အကြံပေးခဲ့ကြသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက်–

(က) နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(ခ) ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာ

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အုပ်ချုပ်မှု အခွင့်အာဏာ

(င) နိုင်ငံ့ဝန်ထမ်း

(စ) တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု

စသည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့် မူများကို ယခုတစ်ပတ်ညီလာခံက အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ပါကြောင်း။

မိမိတို့ ဒီဇင်ဘာ ၁၃၊ ၁၄နှင့် ၁၅ ရက်များတွင် ကျင်းပသည့် စုံညီအစည်းအဝေးများတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များအပေါ် အသေးစိတ်အခြေခံရမည့် မူများ ချမှတ်ရန် သင့်၊ မသင့်ကို ကိုယ်စားလှယ်ကြီးများအား ရှင်းလင်းတင်ပြခဲ့ပါကြောင်း။

အဆိုပါ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များအပေါ် ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိတို့ အစုအဖွဲ့အလိုက် လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးတိုင်ပင်ကြပြီး ထောက်ခံအကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂ ရက်၊ ၃ ရက်၊ ၅ ရက်၊ ၆ ရက်နှင့် ၉ ရက်များ၌ ကျင်းပခဲ့ကြသည့် စုံညီအစည်းအဝေးများတွင် ကိုယ်စားလှယ်အားလုံး သိရှိအောင် ဖတ်ကြားတင်ပြခဲ့ကြပြီး ဖြစ်ပါကြောင်း။

ထို့အပြင် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်၌ ကျင်းပသည့် စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကျန်ရှိသည့် အခန်းအလိုက် ခေါင်းစဉ်များအနက် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း၊ တပ်မတော်အခန်း ကဏ္ဍတို့နှင့် စပ်လျဉ်း၍လည်း အသေးစိတ်အခြေခံရမည့် မူများ ချမှတ်ရန် သင့်၊ မသင့်ကို ရှင်းလင်းတင်ပြခဲ့ရာ ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိတို့အစုအဖွဲ့အလိုက် ပြန်လည်ဆွေးနွေးသုံးသပ်ကြပြီး ထောက်ခံ ဆွေးနွေး အကြံပြုချက်စာတမ်းများကို ဇန်နဝါရီ ၂၄ရက်၊ ၂၅ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၃၀ ရက်တို့၌ ကျင်းပသည့် စုံညီအစည်းအဝေးများတွင် ကိုယ်စားလှယ်များအားလုံးသိရှိအောင် ပွင့်ပွင့်လင်းလင်း ထောက်ခံဆွေးနွေးအကြံပြုတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများ ထောက်ခံဆွေးနွေးအကြံပြုတင်ပြချက်များကို အလုပ်ညှိကျ သဘာပတိအဖွဲ့က အစုအဖွဲ့တစ်ဖွဲ့ချင်းအလိုက် ပြန်လည်ဖတ်ရှုစိစစ်ပြီး တူညီရာတူညီရာထောက်ခံချက်၊ အကြံပြုချက်များကို စာတမ်းတစ်စောင်အဖြစ် စုစည်းရေးသားကာ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ တင်ပြသွားကြမည်ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့်လည်း အလုပ်ညှိကျသဘာပတိအဖွဲ့၏ တင်ပြချက်စာတမ်းများကို ပြန်လည်စိစစ်ဖတ်ရှုရန်နှင့် နောက်တစ်ကြိမ် အမျိုးသားညီလာခံ အစည်းအဝေးကြီးတွင် နောက်ထပ်အခန်းအလိုက် ခေါင်းစဉ်အသစ်များနှင့်ပတ်သက်၍ အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် ကိုယ်စားလှယ်ကြီးများအား အကြံပြုတင်ပြရန်အတွက် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသေးစိတ် အချိန်ယူလေ့လာဖတ်ရှုပြီး စာတမ်းများ ရေးသားပြုစုရမည်ဖြစ်သည့်အတွက် ယခုတစ်ပတ် အမျိုးသားညီလာခံကို ယနေ့မှာပင် ခေတ္တရပ်နားထားမည်ဖြစ်ပါကြောင်း။

မိမိတို့ ယနေ့အထိကျင်းပပြီးစီးသွားသည့် အမျိုးသားညီလာခံ အစည်းအဝေးများတွင် ကိုယ်စားလှယ်ကြီးများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အသေးစိတ် အခြေခံရမည့်မူများချမှတ်သည့် လုပ်ငန်းစဉ်များသည် ချမှတ်ထားသည့် အခန်းလိုက်၊ ခေါင်းစဉ်များအလိုက် တစ်ခုပြီးတစ်ခု အောင်မြင်မှုများရရှိလျက်ရှိနေပါကြောင်း၊ ယင်းအောင်မြင်မှုများကို ပြည်သူများကလည်း သဘောပေါက်နားလည်သိရှိကြပြီး မိမိတို့ကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို ပြည်နယ်၊ တိုင်းအသီးသီးမှ တိုင်းရင်းသားပြည်သူအပေါင်းတို့က နေ့စဉ်နှင့်အမျှ သောင်းသောင်းဖြဖြ အားပေးထောက်ခံ ဂုဏ်ပြုလျက်ရှိနေသည်ကို ကိုယ်စားလှယ်ကြီးများအားလုံး အသိပင်ဖြစ်ပါကြောင်း။

တိုင်းရင်းသား ပြည်သူအပေါင်းတို့၏ အားပေးထောက်ခံမှု၊ ကိုယ်စားလှယ် ကြီးများ၏ ညီညီညွတ်ညွတ် ပူးပေါင်း ပါဝင်ဆောင်ရွက်မှုတို့ကြောင့် ပြည်တွင်း ပြည်ပမှ အဖျက်သမားများ၏ အနှောင့်အယှက် အဟန့်အတားများကို အောင်မြင်စွာ ကျော်လွှားပြီး အမျိုးသားညီလာခံကြီးကို အောင်မြင်ပြီးမြောက်သည်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❄

လယ်ယာ/ ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရေလှောင်တမံ ဘက်စုံစီမံကိန်းများအတွက် ရောက်ရှိလာသော စက်ယန္တရားများ ကြည့်ရှုစစ်ဆေး

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရေလှောင်တမံ ဘက်စုံ စီမံကိန်းများအတွက် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံမှ ရောက်ရှိလာသည့် Trench Cutter နှစ်စုံနှင့်ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

ရန်ကုန် ဇန်နဝါရီ ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဆူးလေအမှတ်(၇)တံတားရှိ ကုန်တင်ရေယာဉ်များ၌ တင်ဆောင်ထားသည့် ဆည်မြောင်းဦးစီးဌာန ရေလှောင်တမံဘက်စုံစီမံကိန်းများအတွက် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံမှ ရောက်ရှိလာသော Trench Cutter နှစ်စုံနှင့် ဆက်စပ်ယန္တရားများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၃)ဗိုလ်အောင်ကျော်တံတား၌ ထမံသီ စီမံကိန်းသို့ တင်ပို့မည့် စက်ယန္တရားများအား ကရိန်းစက်ကြီးများဖြင့် ရေယာဉ်များပေါ်သို့ သယ်တင်မှုကိုကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတို့က M.V Beluga Projectသင်္ဘောမှ သက်ဆိုင်ရာဒေသများသို့ တိုက်ရိုက်ပို့ရန် ပစ္စည်းများ သယ်ချမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စုစုပေါင်း တန် ၅၀၀ကျော်ရှိသည့် ရေစိမ့်တားနံရံ တည်ဆောက်ရေးသုံးစက်များအား စီမံကိန်းဒေသများသို့ ပို့ဆောင်မည့်အစီအစဉ်ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေညီလာခံကိုယ်စားလှယ် ဦးခင်လှိုင်(ချစ်မိုးညို)က တန်ဖိုး ကျပ် ၈၀၀၀၀တန် မဂ္ဂဇင်းစာအုပ်မျိုးစုံ ၃၀၀ကျော်ကို ချင်းပြည်နယ် ပလက်ဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းရာ ပလက်ဝမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းသိန်း လက်ခံရယူစဉ်။

(ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အမက(၁၉)တွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ရက်က ကျင်းပရာ တတိယတန်း ပထမဆုနှင့်စာစီစာကုံးဆုရရှိသော မောင်စောဖိလစ်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေအင်း ဆုချီးမြှင့်စဉ်။ (၆၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	Business Talk (ဦးမျိုးမြတ်သူ၊မောင်ဆုရှင်၊ ဦးကျော်ဇော်နိုင်)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	အကယ်၍သာ (မျိုးသန္တာထွန်း၊ချစ်စနိုးဦး)
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	မေးကြည့်ဖြေကြည့်ပဟေဠိ (ထွန်းထွန်း၊ပုလဲဝင်း)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၅	Myanmar Video Rhythm
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	Say It In English
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	မိခင်လောင်းများအတွက် အာဟာရ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	အကွက်ဖော်အထပ်သားနှင့် သစ်ပါးလွှာပန်းချီ ထုတ်လုပ်မှုလုပ်ငန်း
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၂း၂၅	Liverpool-Birmingham
လိုင်း	5-Sports(Live)
	Blackbrn-Man United
လိုင်း	5-Movies(Live)

မိုးညိုမြို့နယ်၌ စာပေဟောပြော

ရန်ကုန် ဇန်နဝါရီ ၃၁

မိုးညိုမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ၁၃၆၇ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၇ရက် ည ၇နာရီတွင် မိုးညိုမြို့နယ် ရေကင်းမြို့၌လည်းကောင်း၊ ဇန်နဝါရီ ၁၈ရက်တွင် ရေကင်းအခြေခံပညာ အထက်တန်းကျောင်းနှင့် ထိန်တောမြို့၌ လည်းကောင်း၊ ဇန်နဝါရီ ၁၉ရက်တွင် ထိန်တောအခြေခံပညာ အထက်တန်းကျောင်းခန်းမ၌လည်းကောင်း ကျင်းပရာ စာပေဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရေကင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအောင်ကျော်ဦး၊ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှ၊ ထိန်တောမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးသန်းဌေးနှင့် မြို့နယ်ပညာရေးမှူး ဦးတင်လှတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် စာပေဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကြသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာကြီးများဖြစ်ကြသော ချစ်ဦးညို၊ သန်လျင်မောင်မောင်ဦးနှင့် အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်) တို့က စာပေရေးရာများကို ဟောပြောကြသည်။ (သတင်းစဉ်)

ကန်တော်ကလေး (၉၃)လမ်းဓမ္မာရုံ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး တောင်ပိုင်းရပ်ကွက် (၉၃)လမ်း အောင်မင်္ဂလာဓမ္မာရုံတွင် ဖေဖော်ဝါရီ ၄ ရက် ညမှစ၍ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရ(ပန်းတစ်ပွင့်တောင်ဆရာတော်)၊ ၅ရက်၊ ၆ရက် ရွှေပြည်သာ မေတ္တာရှင်ဆရာတော် အရှင်ဇဝန၊ ၇ရက် ဓမ္မစေတီဆရာတော် သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ (M.A Buddhism)ရှင်ကောသလ္လ၊ ၈ရက်ညတွင် သာကေတ မစ္ဆိမဂုဏ်ရည်စာသင်တိုက် ပဓာနနာယက အရှင်ကောဝိဒ(Ph. D) တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သဖြင့် တရားနာယူလိုသူများ ကြွရောက်ကြရန် နိုးဆော်ထားသည်။(၆၁)

သီတဂူကြယ်တစ်ပွင့်၏ ဓမ္မသဘင်များ

ရန်ကုန် ဇန်နဝါရီ ၃၁

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာန နာယက သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဖေဖော်ဝါရီ ၂ရက်ညတွင် ညောင်ပင်ဝန်းရွာ စစ်ကိုင်းမြို့နယ်၊ ၃ရက်ညတွင် သူဌေးလမ်း ကျောက်မြောင်း ရန်ကုန်၊ ၄ရက် ဆည်းဆာတွင် သုမနဓမ္မဗိမာန် (၅)ရပ်ကွက် သာကေတ၊ ၄ရက်ညတွင် (၁၃)ရပ်ကွက် သီရိမြိုင် ရန်ကုန်၊ ၅ရက်ညတွင် သုမနဓမ္မဗိမာန် သာကေတ ရန်ကုန်၊ ၆ရက်ညတွင် ရွှေစည်အရှင်နန္ဒာသီရိမွေးနေ့ နန်းရှေ့ မန္တလေး၊ ၇ရက်ညတွင် သက္ကယ်ကျင်းရွာ မြင်းခြံ၊ ၈ရက်ညတွင် ၂၄ ဆူဘုရား မတ္တရာမြို့၊ ၉ရက်ညတွင် ကံတော်လေးစုရပ် အမရပူရမြို့၊ ၁၀ရက်ညတွင် နဘက်ရွာမြောင်မြို့နယ်၊ ၁၁ရက်ညတွင် မိုးကောင်းဘုရား အလယ်ရပ် မုံရွာမြို့၊ ၁၂ရက်ညတွင် ငွေတော်ကျိကုန်းရပ် ပြည်ကြီးတံခွန် မန္တလေး၊ ၁၄ရက်ညတွင် ဖလံကုန်းရွာ နွားထိုးကြီးမြို့၊ ၁၅ရက်ညတွင် ရင်မောင်တိုင်ရွာ ယင်းမာပင်မြို့နယ်၊ ၁၆ရက်ညတွင် ပရိယတ္တိ သဒ္ဓမ္မပါလအသင်း မြင်းခြံမြို့၊ ၁၇ရက်ညတွင် ကုန်းရိုးရွာ ဒီပဲယင်းမြို့၊ ၁၈ရက်နှင့် ၁၉ရက်ညများတွင် ခမုံရွာ လက်ပံတန်းမြို့၊ ၂၀ရက်နှင့် ၂၁ရက် ညများ ခုနစ်နေ့ဘုံဆွမ်းလောင်းအသင်းဇဟိုရ် ပြည်မြို့ ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရာပြည့်အကြို ဝိဇ္ဇာတမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ကျေးဇူးတော်ရှင် မဟာနာယကဆရာတော်ကြီး၏ သက်တော်(၉၈)နှစ် သိက္ခာတော်(၇၈)ဝါ ရာပြည့်အကြိုမွေးနေ့ပူဇော်ပွဲကို(တပို့တွဲလပြည့်နေ့)ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီတွင် အင်းယားမြိုင်လမ်းရှိ မင်းကွန်းတောရကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ မင်းကွန်းပရိယတ္တိ သာသနာနုဂ္ဂဟ အသင်းသားများနှင့် တပည့်များစုပေါင်း၍ သံဃာတော်အရှင်မြတ် အပါး ၁၀၀တို့အား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန် စက်မှုတက္ကသိုလ် (၁၉၇၅-၁၉၈၁)ခုနှစ် အင်ဂျင်နီယာများနှင့် ဗိသုကာတွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၂ရက်က ရန်ကုန် နည်းပညာတက္ကသိုလ် စက်မှုခန်းမ၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက စုပေါင်း ကန်တော့ကြစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀	၆။ မျိုးချစ်တပ်မတော်
၄း၅၀	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၀၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ နိုင်ငံတကာသတင်း
၆း၂၀	၁၃။ မိုးလေဝသသတင်း
၆း၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နေခြည်ဖြာမှ" (အပိုင်း-၈)**
၈း၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ဗွီစီဒီကျော်ကြားတေးများ
	၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၇)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

❄ စာမျက်နှာ ၁၁ မှ

ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း **"အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မဖွဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနဲ့ယှဉ်၊ ရှေးရှုနှင်လော့"** ဆိုသည့် စကားအတိုင်း ညီလာခံကြီး အောင်မြင်ပြီးမြောက် သည်အထိ မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် လျာထားသတ်မှတ်ထားသည့် အခန်းလိုက်ခေါင်းစဉ်များအနက် ယခုညီလာခံတွင် ကိုယ်စားလှယ်ကြီးများ ထောက်ခံဆွေးနွေးအကြံပြုခဲ့သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုရေးဆိုင်ရာ အခန်းကဏ္ဍ၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ တပ်မတော်အခန်းကဏ္ဍတို့နှင့် ပတ်သက်၍ အသေးစိတ်အခြေခံရမည့် မူများချမှတ်ရန်နှင့် နောက်ထပ်အခန်းလိုက်ခေါင်းစဉ်များကို ဆက်လက်ဆွေးနွေးရန်အတွက် နောက်တစ်ကြိမ် အမျိုးသားညီလာခံကြီးကို မိမိတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ မထိခိုက်ရအောင် တောင်သူလယ်သမား ကိုယ်စားလှယ်ကြီးများ စိုက်ချိန်ပျိုးချိန်ပြီးဆုံးပြီး အလုပ်အကိုင်ပါးမည့် ယခုနှစ်နှစ်ကုန်ပိုင်း အချိန်လောက်တွင် ထပ်မံကျင်းပသွားမည်ဖြစ်ပါကြောင်း။

ယခုတစ်ပတ် အမျိုးသားညီလာခံကြီး အောင်မြင်အောင် တက်ညီလက်ညီ ညှိနှိုင်းတိုင်ပင်ဆွေးနွေး အကြံပေးခဲ့ကြသည့် ကိုယ်စားလှယ်ကြီးများနှင့်တကွ အဘက်ဘက်မှ အုပ်ချုပ်မှုကိစ္စ အဝဝကို တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြု ဝန်ထမ်းများအားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

ဓမ္မာရုံသစ်တည်ဆောက်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၃၁

ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကျင်းပခြင်းနှင့် သုံးထပ်ဓမ္မာရုံသစ်ကြီး တည်ဆောက်ရန် အလှူငွေများ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါဓမ္မာရုံတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ရွှေ (သီဟသုဓမ္မဇောတိကဓဇ)၊ ဆင်မင်းဆပ်ပြာစက်ရုံနှင့် ဂေါပကအဖွဲ့ဝင်များက အလှူရှင်များ လှူဒါန်းငွေကျပ်သိန်း ၃၈၀ ကျော်နှင့် လမ်းအလိုက် လှူဒါန်းငွေကျပ်သိန်း ၂၀ ကျော်ကို လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံသစ်ကြီးကို ကျပ်သိန်း ၁၀၀၀ ခန့် အကုန်အကျခံ၍ တည်ဆောက်မည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီးညွန့်ရင် (ငြိမ်း)၊ ဖုန်း ၅၅၆၀၈၁၊ (သီဟသုဓမ္မဇောတိကဓဇ) ဦးတင်ရွှေ၊ ဖုန်း ၀၉-၅၁၀၅၄၀၀၊ ဦးဝင်းအောင်၊ ဘဏ္ဍာရေးမှူး၊ ဖုန်း ၀၉-၅၀၁၅၄၅၀၊ ဦးကိုကိုကြီး တွဲဖက်အတွင်းရေးမှူး ဖုန်း- ၅၄၁၈၇၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဓမ္မစေတီဆရာတော်၏ ဓမ္မခရီးစဉ်

ရန်ကုန် ဇန်နဝါရီ ၃၁

ဓမ္မစေတီဆရာတော်ဘဒ္ဒန္တကောသလ္လ (မဟာဓမ္မာစရိယ) M.A (Buddhism) သည် ဖေဖော်ဝါရီ၁ရက်တွင် ဖို့မြေဓမ္မာရုံ ကန်တော်လေး၊ ဖေဖော်ဝါရီ ၂ရက်တွင် (၁၃)ရပ်ကွက် တောင်ဥက္ကလာပနှင့် သာသနရက္ခိတဓမ္မဗိမာန် ရတနာလမ်း သဃ်န်းကျွန်း၊ ဖေဖော်ဝါရီ၃ရက်တွင် ဗိုလ်စိန်မှန်ရပ်ကွက် ဗဟန်း၊ဖေဖော်ဝါရီ၄ရက်တွင် သူဌေးလမ်း ကျောက်မြောင်းနှင့် ဗိုလ်တထောင်စေတီ ရောင်တော်ဖွင့်ဝတ်အသင်း၊ ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် အောင်မြေသာစည် ကမာရွတ်၊ ဖေဖော်ဝါရီ ၇ ရက်တွင် (၉၃)လမ်း ကန်တော်လေး(တောင်ပိုင်း) နှင့် ဗိုလ်စိန်မှန်ရပ်ကွက် ဗဟန်း၊ ဖေဖော်ဝါရီ ၈ရက်တွင် ညောင်တုန်းမြို့ သုဓမ္မာစာပြန်ပွဲ၊ ဖေဖော်ဝါရီ ၉ရက်တွင် (၂၉)ရပ်ကွက် မင်းဒင်လမ်း သုဝဏ္ဏ၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ရွှေကျောင်းကျောင်းတိုက် မင်္ဂလာတောင်ညွန့်နှင့် ကြီးပွားရေးဓမ္မာရုံ တာမွေ၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဇေယျသိဒ္ဓိကျောင်း ဒလ၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် မြတ်လေးရုံ ပညာဗိမာန်ကျောင်း အမှတ်(၄) ရပ်ကွက် ကမာရွတ်နှင့် လယ်တီစံ သာသနရိပ်သာ ပုဇွန်တောင်၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် အသောကသီတဂူ စာသင်တိုက် သဃ်န်းကျွန်းနှင့် ဆင်မင်း လွတ်လပ်ရေးရပ်ကွက် အလုံ၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ထီးတန်းအိမ်ရာ ကြည့်မြင်တိုင်နှင့် ဖေဖော်ဝါရီ ၁၅ရက်တွင် မြေနီကုန်းဓမ္မာရုံတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။(သတင်းစဉ်)

မြန်မာဂေါက်ကလပ် လေ့ကျင့်ရေးဂေါက်ကွင်းနှင့် Han Golf Masters Golf Academy ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာဂေါက်ကလပ်နှင့် Han Golf Masters Pte., Ltd. တို့ အကျိုးတူပူးပေါင်း၍ ဖွင့်လှစ်သော မြန်မာဂေါက်ကလပ် လေ့ကျင့်ရေး ဂေါက်ကွင်းနှင့် Han Golf Masters Golf Academy ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်ကလပ်ဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် Han Golf Masters Pte., Ltd. မန်နေဂျင်းဒါရိုက်တာ Teaching Professionals ဦးချမ်းဟန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဂေါက်သီးရိုက်ပြိုင်ပွဲများတွင်အားကစားပစ္စည်းများ လှူဒါန်းခဲ့သော Srixon မှ Professional Golfer ဦးအောင်လှဟန်အား မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် မြန်မာဂေါက်ကလပ် လေ့ကျင့်ရေးဂေါက်ကွင်းနှင့် Han Golf Masters Golf Academy တို့ကို ဝန်ကြီး MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ဦးချမ်းဟန်တို့က ဖဲကြိုးဖြတ်၍ လည်းကောင်း၊ ဝန်ကြီး၊ MPGA နှင့် MGF ဥက္ကဋ္ဌ၊ Asian Golf Tour ဥက္ကဋ္ဌ Professional Golfer ဦးကြည်လှဟန်နှင့် MGC အမှုဆောင် ဦးသက်တင်၊ မျိုးဆက်သစ် ဘုန်းပြည့်ချမ်းဟန်တို့က ဂေါက်သီးရိုက်၍ လည်းကောင်း ဖွင့်ပေးကြသည်။

Han Golf Masters Academy ၏ နည်းပြဆရာများအဖြစ် Teaching Professionals ဦးချမ်းဟန်၊ မြန်မာ့လက်ရွေးစင် နည်းပြဆရာများဖြစ်ကြသော ဦးကိုကိုလေးနှင့် ဦးဆန်းထွန်း၊ Head Pro. PGA Myanmar Member ဦးဇော်ပိုင်နှင့် Assistant Teaching Pro ဦးဟန်ထွန်းသောင်းတို့ကစာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး ဂေါက်သီးရိုက်အားကစားသမား ဝါသနာရှင်များအနေဖြင့် နေ့စဉ်နံနက်၆နာရီမှ၈နာရီအထိ လာရောက်လေ့ကျင့်သင်ကြားနိုင်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပရာ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးချမ်းဟန်၊ ဦးဆန်းထွန်း၊ ဦးကြည်လှဟန်နှင့် ဦးကိုကိုလေးတို့က မြန်မာဂေါက်ကလပ် လေ့ကျင့်ရေး ဂေါက်ကွင်းနှင့် Han Golf Masters Academy ဖွင့်လှစ်ခြင်းဖြင့် မြန်မာ့ဂေါက်သီးရိုက် အားကစားလောက တိုးတက်မြင့်မားလာရေး အတွက်နှင့် မြန်မာ့ဂေါက်သီးရိုက် အားကစား မောင်မယ်များ အာရှမှကမ္ဘာအထိ လှမ်းတက်နိုင်ရေးအတွက် သင်ကြားပို့ချမည့် အစီအစဉ်များကိုလည်းကောင်း၊ မျိုးဆက်သစ် ဂေါက်သီးရိုက်အားကစားသမားများကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ရှာဖွေစုဆောင်းပြီး အခြေခံကအစ လက်ရွေးစင်အဆင့်အထိ ပြုစုပျိုးထောင်ပေးမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူတို့က ပြန်လည်ပြောကြားကြသည်။

(သတင်းစဉ်)

မြန်မာဂေါက်ကလပ်လေ့ကျင့်ရေးဂေါက်ကွင်းနှင့် Han Golf Masters Golf Academy ဖွင့်ပွဲအခမ်းအနားတွင် မျိုးဆက်သစ်လူငယ် ဘုန်းပြည့် ချမ်းဟန် ဂေါက်သီးရိုက်၍ ကွင်းကိုဖွင့်လှစ်ပေးစဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ နာယကကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း၊ခရိုင်နှင့် မြို့နယ်အသီးသီးတို့မှ အမျိုးသမီးရေးရာဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ဝန်ထမ်းများနှင့် မိသားစုဝင်အမျိုးသမီးများ စုစုပေါင်း ၅၇၃ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၏ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ဝင်ခွင့်လျှောက်ထားသော ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများ၊ မိသားစုဝင် အမျိုးသမီး ၆၅၈ဦးအတွက် အဖွဲ့ဝင် အသိအမှတ်ပြုလက်မှတ်နှင့် ရင်ထိုးတံဆိပ်များကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက ပေးအပ်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က လက်ခံယူသည်။

ပညာပေးဟောပြော

ထို့နောက် ဒေါက်တာ မတင်ဝင်းက "စိတ်လည်းကြည်လင်၊ လူလန်းရွှင်ဖို့ ကြိုးပမ်းစို့" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဖွဲ့ဝင်ပြီး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှအမျိုးသမီး ဝန်ထမ်းများနှင့် မိသားစုဝင် အမျိုးသမီး စုစုပေါင်း ၅၄၂၅ဦး အမျိုးသမီးရေးရာအဖွဲ့ ဝင်ပြီးဖြစ်ကြောင်းသိရသည်။

(၁၉)

ဖြူးမြို့တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၃၁

ဇန်နဝါရီ ၃၀ရက် နံနက်၁၀နာရီ၄၅မိနစ်ခန့်တွင် ဖြူးမြို့ စည်ပင်သာယာဈေးအတွင်းရှိ ဆိုင်ခန်းတစ်ခန်း၌ မသင်္ကာဖွယ်အထုပ်တစ်ထုပ် ထားရှိသွားသည်ကို တွေ့လိုက်ရသည့် ပြည်သူတစ်ဦး၏ သတိပေးပြောကြားချက်အရ ဆိုင်ခန်းပိုင်ရှင်က ဈေးတာဝန်ရှိသူများမှတစ်ဆင့် ဖြူးမြို့ ရဲစခန်းသို့ သွားရောက်အပ်နှံခဲ့သည်။

ရဲစခန်း၏ဘေးကင်းလုံခြုံသောနေရာတွင် ထိုအထုပ်ကိုထားရှိကာ စောင့်ကြပ်ကြည့်ရှုနေစဉ် နံနက် ၁၁နာရီ၄၅မိနစ်ခန့်၌ ထိုအထုပ်မှ ပေါက်ကွဲမှု ဖြစ်ပွားပြီး မြေပြင်တွင် အကျယ် ကိုးလက်မ၊ အနက် နှစ်လက်မခန့်ရှိ ချိုင့်ခွက်တစ်ခု ဖြစ်ပေါ်ခဲ့ကြောင်းနှင့် အခြားထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်းသိရသည်။

စုံစမ်း စစ်ဆေးချက်များအရ အဆိုပါအထုပ်ကို အသက်၁၃နှစ် သားအရွယ်ကလေးတစ်ဦး လာရောက်ထားသွားကြောင်းသိရှိရ၍ ထိုကလေးအား ခေါ်ယူမေးမြန်းရာ လူရွယ်တစ်ဦးက ၎င်းအားငွေပေးပြီး ဈေးအတွင်းရှိ ဆိုင်ခန်းတစ်ခန်း ခန်းပေါ်တွင်ထားရှိခိုင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားစေရန် ငွေပေး၍ ခိုင်းစေခဲ့သော မသမာသူ အကြမ်းဖက်အဖျက်သမားအား ဖော်ထုတ်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးကို ဖျက်ဆီးရန်၊ ပြည်သူများထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပေါ်စေရန် နည်းမျိုးစုံကိုသုံး၍ ဆောင်ရွက်လျက်ရှိရာပြည်သူအများက လက်မခံဘဲ ဆန့်ကျင်ရှုတ်ချနေကြသဖြင့် ယခုကဲ့သို့ ပြည်သူလူထုအတွင်း ပေါက်ကွဲမှုများ ဖြစ်ပွားစေရန်အတွက် အန္တရာယ်ဖြစ်စေနိုင်သောလုပ်ရပ်များကို မသိနားမလည်သည့် ကလေးငယ်များကိုပါ အသုံးချ၍ ယုတ်မာပက်စက်စွာ ကြံစည်လုပ်ကိုင်ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သည့် ပေအရှည် ၅၀၀၀၊ အကျယ် ၁၂ပေရှိ မြိုင်ကုန်း၊ ကော့လှာကျေးရွာချင်းဆက် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၉ရက်က အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်လဲ့လဲ့နိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျင်းပပြီးခဲ့သည့် အမျိုးသားညီလာခံအစည်းအဝေးများတွင် ကိုယ်စားလှယ်ကြီးများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲနိုင်ရေး လုပ်ငန်းစဉ်များ အောင်မြင်

နောက်တစ်ကြိမ် အမျိုးသားညီလာခံကြီးကို ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက် ကျင်းပသည်။

တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ တွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

အမှာစကားပြောကြား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ ***နိုင်ငံတော်က မြို့ပြနှင့် ကျေးလက်ဒေသများ စည်ပင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အလေးထားဖော်ဆောင်ပေးလျက်ရှိသည်နှင့်အညီ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမား များအနေဖြင့် စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းနိုင်မှု အလားအလာကောင်းများကို ထိရောက်စွာ အသုံးပြုပြီး အဓိက သီးနှံများနှင့် ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များ ဖိဖိစီးစီး တိုးချဲ့ စိုက်ပျိုးသွားကြရမည်ဖြစ်သည်။***

ခေါင်းကြီး (စာမျက်နှာ-၂)

☆ ***လွတ်လပ်ရေးခရီး စုစည်းညီညွတ် တုလွတ်အံ့အဲ ထူးကဲသော အဘိသာမဂ္ဂီတရား၏ စွမ်းပကားကို နောင်လာနောက်သား မြေးမြစ်များ စိတ်ဘဝင်မှာ စွဲထင်မြဲမြံနေစေမည့် ကြေးမုံမှန်ပမာ အဖြာဖြာ သောကောင်းကျိုး အမျိုးမျိုးသောရလဒ် မပြတ်တိုးပွား များပြားဥဿုံ အမြဲထုံလာတော့မည် ကေန်ဖြစ်၏။***

ရတနာစည်ဆရာတော်(လှိုင်လင်)၏ **"မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေစေတီစံ ရွှေနိုင်ငံ"**

ဆောင်းပါး (စာမျက်နှာ-၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး

✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး

✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✳ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး

✳ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး

✳ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး